ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 10 January 2022 ၁၀၆၁၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ကြရန်လို

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ဇန်နဝါရီလ(၁၀)ရက်နေ့သည် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ ဖြစ်ပါသည်။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းလွတ်၍ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် မရှိအတူရှိအတူ၊ အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ နိုင်ငံတော်တွင် စည်းလုံးညီညွတ်မှုပြိုကွဲ၍ အဘက်ဘက်မှ အင်အားနည်းပါးချိန်တွင် မိမိထက်အဆမတန် အင်အားကြီးမားသော

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

# နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားမြို့၌ လီဆူတိုင်းရင်းသားများနှင့် တွေ့ဆုံ

**မြစ်ကြီးနား ဇန်နဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးတို့သည် မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသား မျိုးနွယ်စုများနှင့် ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လီဆူရိုးရာယဉ်ကျေးမှုဗဟိုကော်မတီရုံး လီဆူရိုးရာကွင်း၌ တွေ့ဆုံသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားမြို့၌ ဒေသခံလီဆူတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံစဉ်။

ကြေးမုံ

# အာဆီယံတူညီဆန္ဒ (၅) ချက်ကို အကောင်အထည်ဖော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချီ ဟွန်ဆင်သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့သည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံအကြား အပြုသဘောဆောင်သည့် ကောင်းသောအကျိုးရလဒ်များကို ဆောင်ကြဉ်းခဲ့သည်။

ခရီးစဉ်အတွင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ်နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နိုင်မည့်အခြေအနေ၊ အာဆီယံဘုံသဘောတူညီချက် (၅) ရပ်နှင့်အညီ မြန်မာနိုင်ငံမှဆောင်ရွက်နေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည်။

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအကျပ်အတည်း ဖြစ်ပေါ်နေသည့် ကာလတွင် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်စေမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ၌ ဆေးဘက်ဆိုင်ရာအထောက်အကူပြုပစ္စည်းများကို မြန်မာနိုင်ငံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများသည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲကာလ စိန်ခေါ်မှုများကြားတွင် အကောင်းမြင်အပြုသဘောဆောင်သော မိတ်ဆွေကောင်းပီသသည့် ပြင်းပြသောစိတ်ဆန္ဒများကို ထုတ်ဖော်ပြသနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်၍ အာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့်အခါ မြန်မာနိုင်ငံနှင့် ထိတွေ့ဆောင်ရွက်မှုများသည် အပေါင်းလက္ခဏာဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအား အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းကို ကြိုဆိုခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံ၏ တူညီဆန္ဒ(၅)ချက်အား အကောင်အထည်ဖော်နိုင်ရေးကို အပြည့်အဝပံ့ပိုးသွားမည်ဖြစ်ကြောင်းနှင့် အာဆီယံ၏တူညီဆန္ဒ(၅)ချက်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အပြန်အလှန်အထောက်အကူပြုသင့်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အလေးအနက်ထားပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ရရှိရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်ဦးနှစ်ဖက်အကျိုးရှိသောမူဝါဒကို ရှင်းလင်းမျှဝေခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO)များနှင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီး ၂၀၂၂ ခုနှစ်အကုန်အထိ ထပ်မံတိုးမြှင့်သွားရန် အသိပေးခဲ့သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ်က အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် သက်ဆိုင်သူများအကြား အပြုသဘောဆောင်သည့်ဆွေးနွေးမှုများပြုလုပ်ရေးနှင့် တင်းမာမှုများ လျှော့ချရေးတို့ကိုရည်ရွယ်သည့် တောင်းဆိုခဲ့မှုအပေါ် ခိုင်မာစွာထောက်ခံခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်၏ပါဝင်မှုကို ကြိုဆိုခဲ့သည်။ ထို့အပြင် မြန်မာပြည်သားများအတွက် လူသားချင်းစာနာကူညီပံ့ပိုးမှုများပေးအပ်ရာတွင် အမှန်တကယ်လိုအပ်သည့် ပြည်သူများထံသို့ အကူအညီများ ခွဲခြားမှုမရှိဘဲ ပေးအပ်ရေး၊ ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် လူ့အသက်ကယ်ဆယ်ရေးသည် အရေးအကြီးဆုံးကိစ္စဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များ အသိအမှတ်ပြုခဲ့သည်။

သို့ဖြစ်ရာ ကမ္ဘောဒီးယား-မြန်မာ ထိတွေ့ဆက်ဆံနိုင်မှုသည် အာဆီယံ၏ တူညီဆန္ဒများနှင့်ထင်ဟပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အပြန်အလှန်အထောက်အကူပြုမည့် အာဆီယံ၏တူညီဆန္ဒ (၅) ချက် အကောင်အထည်ဖော်နိုင်ရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၃-၁-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁-၁၁-၂၀၂၁) နေ့မှ (၁၀-၁၂-၂၀၂၁)နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာ တစ်ဦး၊ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၁၀ ဦး ပေါင်း တစ်ဆယ့်ခြောက်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ သုံးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၁၂၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၀၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ထားဝယ်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ထားဝယ်တိုင်းရင်းသားဓလေ့ထုံးတမ်းစာအုပ် စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

ထားဝယ် ဇန်နဝါရီ ၉

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထားဝယ်ရှေးဟောင်းသုတေသီအဖွဲ့တို့ ပူးပေါင်း၍ (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထားဝယ်တိုင်းရင်းသား ဓလေ့ထုံးတမ်းစာအုပ် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီ က ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ကြင်ကြင်သန်းက ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ မူဝါဒများအကြောင်းနှင့် ထားဝယ်တိုင်းရင်းသား ဓလေ့ထုံးတမ်းစာအုပ်ကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ထားဝယ်၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို တွေ့မြင်နိုင်ကြောင်း၊ စာအုပ်ပါအကြောင်းအရာများကို လေ့လာဖတ်ရှုပြီး ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး / လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာဖြူက (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယခုစာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ထားဝယ်ရှေးဟောင်းသုတေသီအဖွဲ့မှ နောန်အောင်မျိုးက ဦးဆောင်၍ ထားဝယ်တိုင်းရင်းသားစုစည်းမှုကော်မတီအဖွဲ့ဝင်များ၊ စာရေးဆရာများနှင့် စာပေချစ်မြတ်နိုးသူများက တိုင်းရင်းသား ဓလေ့ထုံးတမ်းစာအုပ်တွင် ပါဝင်သည့် ခေါင်းစဉ်များအလိုက် အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ကရင်၊ မွန်တိုင်းရင်းသား သမိုင်းစာအုပ်များ၊ ဆလုံရိုးရာပုံပြင်စာအုပ်များနှင့် ထားဝယ်တိုင်းရင်းသားဓလေ့ထုံးတမ်း စာအုပ်တို့ကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် စာပေဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။ ထို့နောက် ထားဝယ်ရှေးဟောင်းသုတေသီအဖွဲ့မှ နောန်အောင်မျိုးက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့စာကြည့်တိုက် ၁၆ တိုက်အတွက် ထားဝယ်တိုင်းရင်းသား ဓလေ့ထုံးတမ်းစာအုပ်များကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ကြင်ကြင်သန်းနှင့် ခရိုင်ဦးစီးမှူး / လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာဖြူတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

ကေကေအယ်လ်(ထားဝယ်)

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

- မိမိတို့တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစား တန်ဖိုးထားကြသူများဖြစ်
- အမျိုးသားရေးလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာရရှိနိုင်မည်
- မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ်ကို တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်

✻ ရှေ့ဖုံးမှ

ဖြိတိသျှကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ ထိုသို့ နယ်ချဲ့လက်အောက် ကျရောက်ခဲ့သော်လည်း တိုင်းရင်းသားများ အပါအဝင် မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ သူ့ကျွန်မခံလိုသူများက မျိုးချစ်စိတ်ဓာတ်ထက်သန်စွာဖြင့် မိမိတို့အသက်ကို ပဓာနမထားဘဲ နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြပါသည်။ မကြာမီကျရောက်တော့မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခြေခံပင်လုံစာချုပ်ဖြင့် သူ့ကျွန်ဘဝမှလွတ်မြောက်ကာ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်မှာ မိမိတို့ တိုင်းရင်းသားအားလုံး၏ မဆုတ်မနစ်သော ဇွဲလုံ့လ၊ မျိုးချစ်စိတ်ဓာတ်၊ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုတို့ကြောင့်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံး အစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ(၁၀)ရက်နေ့ကို **“ကချင်ပြည်နယ်နေ့”** အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ကချင်ပြည်နယ်တွင် ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါးစသည့် ကချင်မျိုးနွယ်စုများ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီး စသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုများအပြင် အခြား တိုင်းရင်းသားမျိုးနွယ်စု အပါအဝင် လူဦးရေစုစုပေါင်း ၁၇ သိန်းကျော် ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်ပြည်နယ်သည် အဖိုးတန်သဘာဝသယံဇာတများဖြစ်သည့် ရွှေ၊ ကျောက်စိမ်း၊ ပယင်း စသောအဖိုးတန်သယံဇာတများ ပေါများကြွယ်ဝသကဲ့သို့ သာယာလှပသည့် တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင်ကောင်းများကိုလည်း ပိုင်ဆိုင်ထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာ ဒေသတစ်ခုလည်းဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအက အလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ ပျော်ရွှင်ချမ်းမြေ့စရာဖြစ်ပါသည်။ ကချင်ရိုးရာမနောပွဲနှင့် ထောင်ကာအကတို့မှာ ပြည်တွင်းသာမက နိုင်ငံတကာကပါ စိတ်ဝင်စားကြသော တိုင်းရင်းသားအမွေအနှစ်များ ဖြစ်ပါသည်။

မိမိတို့တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပါသည်။ အမျိုးသားရေးလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးများစွာရရှိနိုင်မည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ်ကို တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်ကြောင်း အသိပေးလိုပါသည်။

သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင် မချုပ်ငြိမ်းနိုင်သေးသောကြောင့် သဘာဝအလှအပများကို အပြည့်အဝ မခံစားနိုင်သေးသကဲ့သို့၊ သဘာဝသယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်သေးဘဲ ဖြစ်နေရပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး၏ အရသာကို သိရှိခံစားခဲ့ကြပြီးဖြစ်သော ကချင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတို့သည် ယခုအချိန်တွင်လည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး အမြန်ဆုံးရရှိလိုကြမည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့ပင် ဖြစ်သည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တိုင်းရင်းသား ညီနောင်အားလုံးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများအနေဖြင့် သဘောထားမှန်ကန်ကြပြီး တူညီသော စိတ်ဆန္ဒများရှိရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူအားလုံးကလည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်း ပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားကြစေရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိရှိရှိဆောင်ရွက်ပေးကြရန် မှာကြားလိုပါသည်။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုမရှိပါက ဆက်လက်လုပ်ဆောင်ရမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့မှာ အလှမ်းဝေးနေဆဲသာဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ ခင်ဗျား**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စသည့် စီမံချက်များချမှတ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍအားလုံးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံနှင့်လူမျိုးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် အခိုင်အမာရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့သော ထူးမြတ်သည့် ကချင်ပြည်နယ်နေ့ အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ၊ ပြည်နယ်အကျိုး၊ ပြည်နယ်သားများ၏အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားများ၏အကျိုး သယ်ပိုးနိုင်သူများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများ အနေဖြင့် သဘောထားမှန်ကန်ကြပြီး တူညီသောစိတ်ဆန္ဒများရှိရန် လိုအပ်
- နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိ
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူအားလုံးကလည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်း ပြည်ပ ပယောဂများ၊ မီဒီယာများ၏သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားကြစေရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိရှိရှိဆောင်ရွက်

## စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်

**တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ကိုလိုနီစနစ်ဆိုး၏ ခါးသီးသောအတိတ်သမိုင်းအတွေ့အကြုံများကို သင်ခန်းစာယူကာ နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် မတရားသွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို အမြဲသတိပြုကြရန် လိုအပ်ပါသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဘာသာသာသနာတို့အပေါ် သစ္စာစောင့်သိပြီး ရင့်ကျက်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို နိုင်ငံသားတိုင်းက သမိုင်းပေးတာဝန်တစ်ရပ် အဖြစ်ခံယူ၍ စည်းလုံးညီညွတ်စွာ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၄-၁-၂၀၂၂ ရက်နေ့တွင် ပေးပို့သည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများအား မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖုရီလီမိက လီဆူရိုးရာ "ဇာဇော်" ပေးအပ်စဉ်။

❍ နိုင်ငံတော်မှ

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်တို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအားဖုရီလီမိက ကျေးဇူးတင်စကားနှင့် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွက် လိုအပ်ချက်များကိုတင်ပြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့ထံ လီဆူရိုးရာ "ဇာဇော်"အား ပေးအပ်သည်။

ထို့နောက် လီဆူတိုင်းရင်းသား၊ တိုင်းရင်းသူလေးများက လီဆူရိုးရာ ကွာချဲအကဖြင့် ကပြဖျော်ဖြေကြရာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တို့သည် မြစ်ကြီးနားမြို့ရှိ ဧရာဝတီမြစ်ကူးတံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ တက္ကသိုလ်စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေကူးပြေးလမ်း ၁၀ လမ်းပါ (၅၀ မီတာ၊ ၂၅ မီတာ ) ရေကူးကန် တည်ဆောက်နေမှု၊ ရေကူးကန်အတွင်း ပွဲကြည့်စင်၊ အမိုး၊ ဒိုင်းများ ထည့်သွင်း တည်ဆောက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

သတင်းစဉ်

## ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၉

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ နယ်မြေတပ်ဌာနချုပ်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံ ကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၉

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။ မိုး/ဇလ

# တောင်သူများအတွက် ထုတ်လုပ်မှုစရိတ်အနည်းဆုံးနှင့် အရည်အသွေးမြင့်မားသောထုတ်ကုန်များဖြစ်စေရေး ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၉**

စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်စေရေး ဂရုပြုဆောင်ရွက်ရန် လိုအပ်သည့်နည်းတူ သက်ဆိုင်ရာဒေသ၏ ထူးခြားသောဝိသေသလက္ခဏာများပါဝင်သည့် လယ်ယာစီးပွားအခြေခံသော စီးပွားရေးဇုန်များပေါ်ထွန်းလာရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာစေရေး ကြိုးပမ်းကြစေလိုကြောင်း ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခေမရဋ္ဌဧည့်ရိပ်သာတွင် ပြည်နယ်နှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

တွေ့ဆုံပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်နှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသရေမြေ၏ အခြေအနေပေးမှုကို အသုံးချပြီး တောင်သူများအတွက် ထုတ်လုပ်မှုစရိတ် အနည်းဆုံးနှင့် အရည်အသွေးမြင့်မားသော ထုတ်ကုန်များဖြစ်စေရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တည်ဆဲဥပဒေများနှင့်အညီ တောင်သူများ မြေယာအသုံးပြုခွင့် ပိုင်ဆိုင်ခွင့်များရရှိရေး၊ ထုတ်လုပ်မှုတိုးတက်ရေး၊ သွင်းအားစုနှင့် လုပ်သားစရိတ် သက်သာစေရေး၊ စက်မှုလယ်ယာစနစ် အသုံးချနိုင်ရေး၊ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီနည်းပညာ အသုံးချနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် တိရစ္ဆာန်အစာစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ဌာနချင်းပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့အတူ ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားရေးအတွက် လိုအပ်သည့်သင်တန်းများဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်စွာအသုံးချဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုအားပေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျိုင်းတုံမြို့ Jadae Akha ကုမ္ပဏီ၏ ကော်ဖီနှင့် လက်ဖက်ခြောက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဥရောပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှုကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ တာလေမြို့ နားယောင်းကျေးရွာအုပ်စု တောင်သူ ဦးကျာပေး၏ ဖြောင့်ဖြူးပျော်ရွှင်ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံသို့သွားရောက်ကြပြီး စိုက်ပျိုးမြေဧက ၃၀၀ တွင် GAP ကျင့်စဉ်လိုက်နာကျင့်သုံး၍ ခေတ်မီရေအစက်ချစနစ်ဖြင့် ပျားလိမ္မော်အပင် ၆၀၀၀၀ ကျော် စိုက်ပျိုးလုပ်ကိုင်နေမှုကိုလည်းကောင်း၊ လိမ္မော်ပင်များကြားတွင် တိရစ္ဆာန်အစာ နေပီယာမြက်စိုက်ပျိုးပြီး ဒေသမျိုး နွားကောင်ရေ ၃၀၀ ကျော် မွေးမြူကျွေးမွေး၍ နွားချေးကိုသဘာဝမြေဩဇာအဖြစ် အသုံးပြုနေမှုကိုလည်းကောင်း၊ အရည်အသွေးကောင်း လိမ္မော်သီးများ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်နှင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ ဇန်းမွန်းအခါဟိုတယ်ဧည့်ခန်းမတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေး၊ ပြည်တွင်း၏ အသားစားသုံးမှုဖူလုံရေးနှင့် ပို့ကုန်တိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ကိစ္စ၊ လွတ်ကျောင်းစနစ်အစား တိရစ္ဆာန်အစာပင် စိုက်ပျိုးကျွေးမွေးသည့်စနစ် ထွန်းကားလာစေရန် အသိပညာ၊ နည်းပညာ ကူညီပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၌ နှစ်သစ်ကူးဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

နေပြည်တော် ပျဉ်းမနားဂေါက်သီးရိုက်အသင်းက ကြီးမှူးကျင်းပသည့် နှစ်သစ်ကူးဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်းခန်းမဆောင်၌ ယမန်နေ့ ညနေ ၆ နာရီကကျင်းပရာ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင်ဦးမြင့်စိုး တက်ရောက်အမှာစကားပြောကြားသည်။



**ဆုများပေးအပ်**

အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက Winner ဆု၊ Whole in one ဆုနှင့် ဆုများအသီးသီးပေးအပ်ရာ ဆုရရှိသည့် ဂေါက်သီး အားကစားသမားများက အသီးသီးလက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**နေပြည်တော် (ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း အသက် ၈၅ နှစ်နှင့်အထက် သက်ကြီး အဘိုး၊ အဘွား ၃၂၀၀၀ ကျော်အား လူမှုရေးပင်စင် ငွေကျပ် သိန်း ၉၀၀၀ ကျော် ထောက်ပံ့ပေး

**မန္တလေး ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ခြောက်လတာကာလ၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွား ၃၂၀၂၈ ဦးအတွက် လူမှုရေးပင်စင် ငွေကျပ်သိန်း ၉၀၀၀ ကျော်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှစတင်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

"လူမှုဘဝစောင့်ရှောက်ရေးအစီအစဉ်အရ အသက် ၈၅ နှစ်နဲ့အထက် သက်ကြီးဘိုးဘွားတွေအတွက် လစဉ်ထောက်ပံ့နေတာကို မန္တလေးတိုင်းဒေသကြီးအတွင်းမှာလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်း ၂၈ မြို့နယ်မှာ အဘိုး၊ အဘွား ၃၂၀၂၈ ဦးရှိပါတယ်။ တစ်လတစ်သောင်းနှုန်းနဲ့ သုံးလတစ်ကြိမ်ထောက်ပံ့တာဖြစ်တဲ့အတွက် တစ်ဦးကိုသုံးသောင်းနှုန်းရပါတယ်။ သိန်းပေါင်းကိုးထောင် ခြောက်ရာရှစ်သိန်းလေးသောင်းဝန်းကျင်ရှိပါတယ်။ အဘိုးအဘွားတွေကတော့ များလာပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေကလည်း ခေတ်နဲ့အညီ တိုးတက်လာတော့ အသက်ကြီးတဲ့ လူဦးရေလည်း တိုးလာပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုရေးပင်စင်ထောက်ပံ့ပြီးစီးမှုများအနေဖြင့် ၂၄ မြို့နယ်အတွင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်တို့တွင် ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်၏ ပထမသုံးလပတ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့အတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

"သက်ကြီးဘိုးဘွားတွေဆိုတာ နိုင်ငံရဲ့အဖိုးတန်တဲ့လူသားအရင်းအမြစ်တွေပါ။ အဘိုးအဘွားတွေရဲ့ အတွေ့အကြုံတွေယူရတယ်။ အဘိုးအဘွားတွေက အတွေ့အကြုံတွေ လက်ဆင့်ကမ်းပြီး အမွေတွေပေးခဲ့ကြတယ်။ အသက်ရှည်ရှည်နေနိုင်ပြီး တိုင်းပြည်အကျိုး၊ ဘာသာအကျိုး၊ သာသနာ့အကျိုးတွေဆောင်ရွက်နိုင်ကြတာကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်ကနေ ထောက်ပံ့ပေးတာပါ။ ဂုဏ်ပြုလိုက်ခြင်းဖြင့် လူမှုရေး၊ ကျန်းမာရေးတွေမှာ အထောက်အပံ့ဖြစ်သွားသလို ကိုယ်တိုင်လည်း စိတ်ကျေနပ်မှုတွေရကြပါတယ်"ဟု ဆက်လက်ပြောသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသက် ၈၅ နှစ်အထက် အဘိုး ၉၉၀၇ ဦးနှင့် အဘွား ၂၂၁၂၁ ဦးတို့အတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် သိန်း ၉၀၀၀ ကျော် လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း၊ အဘိုးအဘွားတစ်ဦးလျှင် တစ်နှစ်ကို ထောက်ပံ့ငွေကျပ် တစ်သိန်းနှစ်သောင်း ရရှိကြောင်း၊ လူမှုရေးပင်စင်ငွေများထောက်ပံ့ပေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# သုံးခွမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**သုံးခွ ဇန်နဝါရီ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက "ပန်းခင်း" စီမံချက်ဖြင့် တိုင်းရင်းသား/ ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ရရှိထုတ်ပေးနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍လည်းကောင်း၊ ရုံးသို့ဖိတ်ခေါ်၍လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက ညောင်လန်းကုန်းကျေးရွာအုပ်စု ရွာဦးစေတီဓမ္မာရုံတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် သုံးခွမြို့နယ်ဦးစီးမှူးရုံးမှ လူဝင်မှုကြီးကြပ်ရေးမှူး ဦးဌေးအောင်က ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအကြောင်း၊ ပန်းခင်းစီမံချက်အကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မပျောက်မပျက်အောင်စနစ်တကျထိန်းသိမ်းရန်လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ပြည်သူများကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် သိသင့်သိထိုက်သည်များပါရှိသော "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၆ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ အမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ၆၀ စုစုပေါင်း ၁၃၁ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# စားသုံးသူကျန်းမာရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု

စားသုံးသူရေးရာဦးစီးဌာန

အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး ဆိုသည်မှာ ကူးစက်ရောဂါကာကွယ်ရန် အစားအစာများကို ကိုင်တွယ်ထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များတွင် စားသုံးသူအတွက် အစားအစာ၏ အာဟာရဓာတ်အလုံအလောက်ကို ထိန်းထားနိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့်အစားအစာကိုဆိုလိုကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (FAO) ၏စာတမ်းတွင် ဖော်ပြထားပါသည်။

အရည်အသွေးစီမံခန့်ခွဲမှုစနစ်သည် အရည်အသွေးဆိုင်ရာမူဝါဒများနှင့် ရည်မှန်းချက်များ အောင်မြင်ရန်အတွက် လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်တာဝန်များကို မှတ်တမ်းတင်သည့် တရားဝင်သတ်မှတ်ထားသောစနစ်တစ်ခုဖြစ်ပြီး အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အလွန်အရေးပါသောစနစ်တစ်ခုဖြစ်ပါသည်။



### အစာအဆိပ်သင့်ခြင်း

အစားအစာဘေးအန္တရာယ် ကင်းရှင်းမှုနှင့်ဆက်စပ်၍ အစာအဆိပ်သင့်ခြင်းကို လေ့လာရာတွင် သန့်ရှင်းမှုမရှိဘဲ အစားအစာပြင်ဆင်ခြင်း၊ ကာလကြာရှည်စွာ ထိန်းသိမ်းထားသော၊ သက်တမ်းကုန်ဆုံးနေသော လတ်ဆတ်မှုမရှိသည့် အစားအစာများကို စားသုံးမိပါက ဗိုက်အောင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း၊ မူးဝေခြင်းစသည့်လက္ခဏာများ ခံစားရပြီး ပြင်းထန်ပါက အသက်အန္တရာယ်ကို ထိခိုက်နိုင်ပါသည်။ ထိုသို့ဖြစ်ရပ်များသည် အစာအဆိပ်သင့်ခြင်းဖြစ်ပြီး အစားအစာဘေးအန္တရာယ် ကင်းရှင်းမှုမရှိခြင်းကြောင့် ဖြစ်ပေါ်ရသည့်ဆိုးကျိုးများပင်ဖြစ်ပါသည်။

အစာအဆိပ်သင့်ခြင်းမှာ အစားအသောက်တွင် အဆိပ်အတောက်ဖြစ်စေသည့် ညစ်ညမ်းနေသောအစားအစာများ (Food contamination) ကို စားသောက်မိ၍လည်းကောင်း၊ အစားအသောက်များတွင် အစားအစာဓာတ်မတည့်မှုများ (Food Allergies) တုံ့ပြန်မှုများကြောင့်လည်းကောင်း အစာအဆိပ်သင့်ခြင်းဖြစ်ပွားကြောင်း လေ့လာတွေ့ရှိရပါသည်။

### ရူပအန္တရာယ်ဆိုင်ရာ ပြင်ပပစ္စည်းများ

အစားအသောက်တွင် အဆိပ်အတောက်ဖြစ်စေခြင်းမှာ ဇီဝအန္တရာယ်ဆိုင်ရာ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်စသည့် ပိုးမွှားများကြောင့်လည်းကောင်း၊ ဓာတုအန္တရာယ်ဆိုင်ရာ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပဋိဇီဝဆေးဝါး၊ ဖြည့်စွက်ပစ္စည်းစသည့် ဓာတုပစ္စည်းများကြောင့်လည်းကောင်း၊ ရူပအန္တရာယ်ဆိုင်ရာပြင်ပပစ္စည်းများဖြစ်သော ဖုန်၊ သဲ၊ မှန်စ စသည့် စားစရာမဟုတ်သည့် ပြင်ပပစ္စည်းများ ပါဝင်ရောနှောနေခြင်းကြောင့်လည်းကောင်း၊ ထို့အပြင် ရူပအန္တရာယ်ဆိုင်ရာညစ်ညမ်းမှုနှင့် ဆက်နွယ်သည့် ထပ်လောင်းအန္တရာယ်မှာ ပြင်ပပစ္စည်းများသည် ဇီဝညစ်ညမ်းမှုကို သယ်ဆောင်လာနိုင်သဖြင့် အစရှိသည့် Hazard များကြောင့် အစားအသောက်များ ညစ်ညမ်းစေပြီး ညစ်ညမ်းနေသောအစားအစာများ (Food contamination) ကို စားသုံးမိပါက အစာအဆိပ်သင့်မှုဖြစ်ပွားစေပါသည်။

> **စားသုံးသူပြည်သူများက ကောင်းမွန်သောနည်းလမ်းများဖြင့် ထုတ်လုပ်ထားသောထုတ်ကုန်များကို ရွေးချယ်ဝယ်ယူလာခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားကိုကြည့်၍ ထုတ်လုပ်သူများက ထုတ်ကုန်များကို ကြိုက်သလို ထုတ်လုပ်တတ်သည့်အလေ့အထမှ နောင်တွင် စနစ်တကျကောင်းမွန်သောနည်းလမ်းများဖြင့် ထုတ်လုပ်လာစေပြီး အစားအစာထုတ်လုပ်သူများအနေဖြင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဦးစားပေးဆောင်ရွက်တတ်သည့်** Business Ethics **ရှိသော စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ရပ်တည်လာနိုင်မည်**

စားသောက်ကုန်များအား အထက်ဖော်ပြပါအန္တရာယ်ဖြစ်စေနိုင်သော အဆိပ်အတောက်များမှ ရှောင်ရှားနိုင်ရန် အကြမ်းဖျင်းအားဖြင့် လယ်ယာထွက်ကုန်များကို စိုက်ပျိုးသည့်နေရာမှစ၍ စားပွဲပေါ်ရောက်သည်အထိ Supply Chain တစ်လျှောက် လိုက်နာကျင့်သုံးရမည့် နည်းလမ်းကောင်းများဖြစ်သော ကောင်းမွန်စွာစိုက်ပျိုးခြင်းနည်းလမ်း၊ ကောင်းမွန်စွာထိန်းသိမ်းကိုင်တွယ်ခြင်းနည်းလမ်း၊ ကောင်းမွန်သန့်ရှင်းစင်ကြယ်စွာ ပြင်ဆင်ခြင်းနည်းလမ်း၊ ကောင်းမွန်စွာထုတ်လုပ်ခြင်းနည်းလမ်းများဖြင့် ထုတ်လုပ်ပြီး ထုတ်ကုန်များသိုလှောင်မှု အဆင့်ဆင့်တွင် စားသုံးသူလက်ဝယ်ရောက်ရှိမည့်အချိန်အထိ သိုလှောင်ရမည့် အကောင်းဆုံးအပူချိန်တွင် ထိန်းသိမ်းထားနိုင်ပါက ထုတ်ကုန်ကောင်းတစ်ခုဖြစ်လာမည်ဖြစ်ပြီး ကောင်းမွန်သော အရည်အသွေးပြည့်ဝသည့်ထုတ်ကုန်များကို စားသုံးသူများထံ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ပါသည်။

စနစ်တကျထုတ်လုပ်ထားပြီး ကျန်းမာရေးနှင့်ညီညွတ်သော ဘေးအန္တရာယ်ကင်းရှင်းသည့် ထုတ်ကုန်များကို စားသုံးသူများက ရွေးချယ်ဝယ်ယူစားသုံးနိုင်ရေးနှင့် အစာအဆိပ်သင့်မှုမှ ကင်းဝေးနိုင်စေရေးတို့အတွက် စားသုံးသူများအား အသိပညာပေးခြင်း၊ လှုံ့ဆော်ပေးခြင်းတို့ဖြင့် စားသုံးသူပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများကို ရွေးချယ်ဝယ်ယူသည့်အလေ့အထကောင်းများ ကျင့်သုံးလာနိုင်မည်ဖြစ်ပါသည်။

စားသုံးသူပြည်သူများက ကောင်းမွန်သောနည်းလမ်းများဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်များကို ရွေးချယ်ဝယ်ယူလာခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားကိုကြည့်၍ ထုတ်လုပ်သူများက ထုတ်ကုန်များကို ကြိုက်သလိုထုတ်လုပ်တတ်သည့် အလေ့အထမှ နောင်တွင် စနစ်တကျကောင်းမွန်သောနည်းလမ်းများဖြင့် ထုတ်လုပ်လာစေပြီး အစားအစာထုတ်လုပ်သူများအနေဖြင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဦးစားပေးဆောင်ရွက်တတ်သည့် Business Ethics ရှိသော စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ပါသည်။

### အစားအစာဓာတ်မတည့်မှုများ

အစားအစာဓာတ်မတည့်မှုများ (Food Allergies) သည် အစားအသောက်တွင်ပါဝင်သော ပရိုတင်းများကို ခန္ဓာကိုယ်တွင်းရှိ အင်မျူးစနစ်၏ ခုခံအားမှတုံ့ပြန်မှုကြောင့် ဓာတုပစ္စည်းများထွက်လာပြီး အစာအဆိပ်သင့်ခြင်းကို ဖြစ်စေသည်။ အချို့အပင်နှင့် သတ္တဝါများတွင် (ဥပမာ - မြေပဲ၊ ပဲပုပ်၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ဂျုံ၊ ပင်လယ်စာများ စသည်တို့တွင် သဘာဝအဆိပ်အတောက်ပစ္စည်းများပါဝင်ပြီး ၎င်းတို့ကိုစားသုံးမိပါက အစာအဆိပ်သင့်စေပါသည်။ သို့သော်လည်း ဓာတ်မတည့်မှုလက္ခဏာသည် အချို့လူများတွင် ဖြစ်ပွားလေ့ရှိပြီး တချို့တွင် ဖြစ်ပေါ်လေ့မရှိပါ။ ဤကဲ့သို့ အစားအစာဓာတ်မတည့်မှုများ (Food Allergies) ပါဝင်သော စားသောက်ကုန်များကို ထုတ်လုပ်ရာတွင် ထုတ်ကုန်နှင့်ပတ်သက်၍ ဓာတ်မတည့်ကြောင်း ဖော်ပြချက်ကို အသိပေးဖော်ပြခြင်းဖြင့် စားသုံးသူများက ရွေးချယ်ဝယ်ယူခွင့်ရှိသောကြောင့် ဓာတ်မတည့်သူများသည် အစာအဆိပ်သင့်ခြင်းမှ ကင်းဝေးမည်ဖြစ်ပါသည်။

"အစာလည်းဆေး ဆေးလည်းအစာ" ဆိုသည့် မြန်မာစကားပုံအတိုင်း သန့်ရှင်းလတ်ဆတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို စားသုံးသူမိဘပြည်သူ တစ်ဦးတစ်ယောက်စီက ရွေးချယ်ဝယ်ယူစားသုံးနိုင်ကြပါစေကြောင်း မျှဝေလိုက်ရပါသည်။ ။

■

---

## ဒဂုံမြို့သစ်မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၂၇)ရပ်ကွက် Sport Complex အတွင်း ဘဲတန်းချောင်း၏ ကောက်ကွေ့သည့် ချောင်းလမ်းကြောင်း တစ်ဖြောင့်တည်းဖြစ်စေရန် တူးဖော်ဖောက်လုပ်ပြီးစီးသဖြင့် Excavator ယန္တရားယာဉ်ဖြင့် ချောင်းကမ်းနံရံများ မြေညှိနေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့အင်္ဂါအိမ်ရာစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ အိမ်ရာတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့အင်္ဂါ အိမ်ရာစီမံကိန်း(ရန်ကုန်)သည် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၂) လမ်းနှင့် အမှတ်(၇)မြို့ပတ်လမ်းဆုံမှ သရက်ပင်ချောင်းရွာသွားလမ်းရှိ မြေဧရိယာ ၁၇၁ ဧကတွင် ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အဖြစ် အဆောက်အအုံ ၁၉၄ လုံး၊ အခန်း ၃၁၀၄ ခန်းကို ဆောက်လုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်(MCEF)နှင့် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် (MLCA) တို့က အဆောက်အအုံ၉၇ လုံးစီ ခွဲဝေဆောက်လုပ်လျက်ရှိရာ ယခုအခါ ၄၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် အဆောက်အအုံပြီးစီးသည်နှင့် ပြည်သူများ အဆင်သင့်နေထိုင်နိုင်ရေးအတွက် လမ်း၊ ရေ၊ လျှပ်စစ်မီး စသည့် အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့် စိမ်းလန်းမြေနေရာများအား တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂) လမ်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဘုရင့်နောင်လမ်းအကြား အမှတ် (၇) လမ်းမကြီး အကျယ် ၄၆ ပေ လေးလမ်းသွားရရှိအောင် တိုးချဲ့ကွန်ကရစ်ခင်းကျင်းနေမှု၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဘုရင့်နောင်လမ်း ဝဲ / ယာ နှစ်ဖက်တိုးချဲ့၍ ဒု ၁၁ လက်မ ကွန်ကရစ်ခင်းကျင်းပြီးစီးမှုနှင့် အမှတ် (၇) မြို့ပတ်လမ်းဆုံမှ လေးထောင့်ကန်ရပ်ကွက်အထိ လေးလမ်းသွားတိုးချဲ့၍ ကွန်ကရစ်ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဘုရင့်နောင်လမ်းနှင့် အမှတ်(၂) လမ်းဆုံ လမ်းဆုံတြိဂံကျွန်းတွင် မြေယာရှုခင်းများ ဆောင်ရွက်ရေး၊ လေးလမ်းသွား လမ်းမှ ခြောက်လမ်းသွားလမ်းပေါ် ဆက်သွယ်သည့်နေရာဖြစ်၍ ယာဉ်များ ဝင်ထွက်လမ်း ကောင်းမွန်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုလမ်းရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကွန်ကရစ်ဖျော်စက်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ ဂျပန်နိုင်ငံမှ Mr.MORI Yuji က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin တစ်သန်းကို လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ နီပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက အမေရိကန်ဒေါ်လာ ၁၇ သန်း တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin Dose နှစ်သန်းကို ပေးအပ်လှူဒါန်းမည်ဖြစ်ရာ ယခု ပထမအသုတ်အနေဖြင့် Doses တစ်သန်းမှာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ Qatar Airways flight(QR8920) လေကြောင်းလိုင်းဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယသုတ် Doses တစ်သန်းမှာ ဇန်နဝါရီ ၂၃ ရက်တွင် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




နီပွန်ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်ဒါရိုက်တာ Mr.MORI Yuji က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin တစ်သန်း လွှဲပြောင်းပေးအပ်စဉ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၉

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Pai Smz Tablet ၁၆၀၈၀၀၊ Pai Piratam Capsule ၁၀၂၀၊ Pai Tetra Capsule ၂၄၈၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပဉ္စမအသုတ် (ပထမအကြိမ်)ထိုးနှံ

ကျောက်ဖြူ ဇန်နဝါရီ ၉

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေကြသည့် အသက် ၁၈ နှစ်အထက်ရှိ ပြည်သူများကို ယနေ့နံနက် ၉ နာရီက ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အဆိုပါခိုလှုံရာစခန်းသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပဉ္စမအသုတ် (ပထမအကြိမ်)ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ IDPs စခန်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ရာတွင် ၎င်းစခန်းမှ Volunteer စေတနာ့ဝန်ထမ်းလူငယ်များက လိုအပ်သည်များကူညီဆောင်ရွက်ပေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား စာရင်းမှတ်တမ်း ရေးသွင်းကောက်ယူခြင်းများ ဆောင်ရွက်ပြီး ကျောက်ဖြူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးကာ ပုံမှန်အခြေအနေရှိသူများကိုသာ ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs Camp တွင် ခိုလှုံနေပြည်သူ ၁၀၀၈ ဦး ခိုလှုံလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသည့် စုစုပေါင်းပြည်သူ ၆၆၇ ဦးရှိပြီဖြစ်ကာ ပဉ္စမအသုတ် (ပထမအကြိမ်) ကာကွယ်ဆေးလာရောက်ထိုးနှံသူ ၂၉၈ ဦးရှိပြီး ဆေးထိုးရန် ကျန်ရှိနေသူများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)






## ပေါက်တောမြို့နယ် IDPs စခန်း၌ ခိုလှုံနေကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတုတ္ထအသုတ် (ဒုတိယအကြိမ်) ဆက်လက်ထိုးနှံ

ပေါက်တော ဇန်နဝါရီ ၉

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် IDPs စခန်းတို့တွင် ခိုလှုံနေကြသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား စတုတ္ထအသုတ် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့နံနက် ၁၀ နာရီက ဆက်လက်ထိုးနှံပေးသည်။

### ကြည့်ရှုအားပေး

အဆိုပါ IDPs စခန်းများသို့ ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေမှုအား ပေါက်တောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ ထို့သို့ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကိုကိုအောင် ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပမာဏ တိုင်းတာပေးခြင်းတို့ကို ပြုလုပ်ပေးကြပြီး ကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးကြသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ပေါက်တောမြို့နယ်ရှိ IDPs စခန်းငါးခု စုရပ်များဖြစ်သည့် ကြိမ်နီပြင် IDPs စခန်း၊ ဆင်တက်မော် IDPs စခန်း၊ အနောက်ရဲ IDPs စခန်း၊ ငှက်ချောင်း-၁ (IDPs) စခန်း၊ ငှက်ချောင်း-၂ (IDPs) စခန်းများ၌ ခိုလှုံနေကြသည့် ပြည်သူများနှင့် ဆင်တက်မော်၊ အနောက်ရဲ၊ စစ်ကဲပြင်အထက်၊ စစ်ကဲပြင်အောက်၊ ကုန်တန်းနှင့် တောင်ရွာတို့မှ ဒေသခံပြည်သူ စုစုပေါင်း ၈၀၁၅ ဦးအနက် ယမန်နေ့တွင် ကာကွယ်ဆေး ထိုးနှံလာကြသူ စုစုပေါင်း ၂၀၇၉ ဦးရှိပြီး ကျန်ရှိပြည်သူများအား ဆက်လက်ထိုးနှံလျက်ရှိကြောင်း သိရသည်။

ကျော်သန်း(ပြန်/ဆက်)



# မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီးတွင် စကျင်ကျောက်ပြားခင်းကျင်းနိုင်ရေး လုပ်အားပေးမှုကြည့်ရှုအားပေး

**မော်လမြိုင် ဇန်နဝါရီ ၉**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ကျက်သရေဆောင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကန်တော့ကာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူများက တစ်ပေပတ်လည်စကျင်ကျောက်ပြားများ ရင်ပြင်တော်အပြည့် ခင်းကျင်းနိုင်ရေးအတွက် ရင်ပြင်တော်ပေါ်သို့ တင်ဆောင်ကုသိုလ်ယူ လုပ်အားပေးနေမှုကို ကြည့်ရှုအားပေးသည်။

**ဖြည့်ဆည်းပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်သလ္လံစေတီတော်မြတ်ကြီး ရင်ပြင်တော်အပြည့် စကျင်ကျောက်ပြားများခင်းကျင်းနေမှု၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းများဖောက်လုပ်နေမှု၊ မိုးတွင်းကာလ ရင်ပြင်တော်ပေါ်တွင် ရေတင်ကျန်မှုမရှိစေရေး လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်တွင် ထင်ရှားကျော်ကြားသည့် သမိုင်းဝင် တန်ခိုးကြီးဘုရားများစွာရှိသည့်အတွက် ကိုဗစ်-၁၉ ရောဂါအလွန်ကာလ ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ စိတ်နှလုံးအေးချမ်းစွာ ကုသိုလ်ယူနိုင်ကြရေး ဆရာတော်ကြီးများ ဦးဆောင်ကာ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ စုပေါင်းအမှိုက်ကောက်ပွဲကျင်းပ

**စစ်တွေ ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် စုပေါင်းအမှိုက်ကောက်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ပွိုင့်ကမ်းခြေ၌ ကျင်းပသည်။

**ကျန်းမာရေးကိုခြိမ်းခြောက်**

စုပေါင်းအမှိုက်ကောက်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ပြီး ကမ်းရိုးတန်း သယံဇာတများဖြစ်သည့် ဒီရေတောများ၊ ကမ်းနီးကမ်းဝေးသန္တာကျောက်တန်းများ၊ ရေနေသတ္တဝါများ လွန်စွာပေါများသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ယနေ့ လူထုစုပေါင်းအမှိုက်ကောက်ပွဲသည် ပင်လယ်သမုဒ္ဒရာများကို ညစ်ညမ်းစေသော၊ အဏ္ဏဝါသက်ရှိများ ပျက်စီးစေသော၊ သန္တာကျောက်တန်းများကိုပျက်စီးစေပြီး လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသော တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို လျှော့ချခြင်းဖြစ်ပြီး ရေရှည်စဉ်ဆက်မပြတ်သော အခြားနည်းလမ်း (သို့မဟုတ်) ပစ္စည်းများ ရှာဖွေဖော်ထုတ်ခြင်းတို့ကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် စိမ်းလန်းသန့်ရှင်းသော အနာဂတ်ဆီသို့ အသိပညာပေး မြေစိုက်ပိုစတာအား စိုက်ထူပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်သည့် စုပေါင်းအဖွဲ့သည် လူထုလှုပ်ရှားမှုတစ်ရပ်အဖြစ် ပွိုင့်ကမ်းခြေမှ စစ်တွေဟိုတယ်ကမ်းခြေအထိ စုပေါင်းအမှိုက်ကောက်ပွဲကို ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မိုင်းဆတ်ခရိုင် ဥပဒေရုံးဖွင့်ပွဲ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

**မိုင်းဆတ် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်တွင် ဥပဒေရုံးသစ်ဖွင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီခွဲက မိုင်းဆတ်မြို့တွင် ကျင်းပသည်။

**ကြိုးပမ်းအားထုတ်**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရုံးအဆောက်အအုံကို တိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရက ပံ့ပိုးဆောင်ရွက်ပေးနေသလို ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ယခုထက်ပို၍ မိမိဌာန၏လုပ်ငန်းများ အောင်မြင်တိုးတက်အောင် ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မိုင်းဆတ်မြို့ ပရိယတ္တိစာသင်တိုက် မိုင်းဖုန်းဆရာတော်ဓမ္မာရုံ တည်ဆောက်နေမှုနှင့် မိုင်းဆတ်မြို့နယ်ပြည်သူ့ဆေးရုံဝင်းတွင် ဖွင့်လှစ်ထားသော အောက်ဆီဂျင်စက်ရုံအား သွားရောက်ကြည့်ရှုပြီး မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို တက်ရောက်အမှာစကားပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ၂၀၂၂ ခုနှစ် လားဟူတိုင်းရင်းသားနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ကာ ဂါရဝလက်ဆောင်ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**





# ညောင်တုန်းမြို့နယ်ရှိ နွားမွေးမြူရေးခြံကို ကြည့်ရှု

**ညောင်တုန်း ဇန်နဝါရီ ၉**

ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲ ၂ နာရီက ညောင်တုန်းမြို့နယ် ပဲရုံဆိပ်ကျေးရွာရှိ Top Dairy Farm ပုဂ္ဂလိက နွားမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နို့စားနွားမွေးမြူရေးလုပ်ငန်း၊ နွားနို့ထုတ်လုပ်ရောင်းချနေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးမိုးခိုင်နှင့် လုပ်ငန်းရှင် ဦးမြတ်သိန်းထွန်းတို့က လိုက်လံရှင်းလင်းပြသခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ချောင်းကြီးတိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်ရေးအတွက် နှာခေါင်းစည်း အခု ၁၀၀၀၊ Level 2 တစ်ကိုယ်ရေးသုံးကာကွယ်ရေးဝတ်စုံ ၁၀၀ တို့အား ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်နှင့် ချောင်းကြီးတိုက်နယ်ဆေးရုံအုပ် ဒေါက်တာသက်စုမွန်ဝင်းတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အဖိုးတန်ရေကို ချွေတာသုံးစွဲသွားစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

“ရေအသက်တစ်မနက် ထမင်းအသက်ခုနစ်ရက်၊ ရေဇတ်တုန်း ရေတွင်းထဲကျ၊ ရေစီးတစ်ခါ ရေသာတစ်လှည့်၊ ရေများရာမိုးရွာ၊ ရေများရေနိုင် မီးများမီးနိုင်၊ ရေမြင့်ကြာမြင့်၊ ရေနစ်သူ ဝါးကူလို့ထိုး၊ ရေစုန်ရွက်တိုက်၊ ရေနိမ့်ရာစီး မီးမြင့်ရာလောင်၊ ရေမနောက် ကြာမရောက်” စသည့် ရေနှင့်ပတ်သက်သည့် စကားပုံများကို မြန်မာမှုနယ်ပယ်၌ တွင်ကျယ်စွာသုံးစွဲလျက်ရှိသည်။ ရေမရှိလျှင် သက်ရှိအားလုံး ရှင်သန်နိုင်မည် မဟုတ်ချေ။ မိုးရာသီကျော်လွန်၍ ဆောင်းအကူးပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည်။ ပူပြင်းခြောက်သွေ့သောကာလတွင် ရေခန်းခြောက်လာတတ်ပြီး နှစ်စဉ် နွေရာသီတွင် ကြုံတွေ့ရသည့် ပြဿနာသည် သောက်သုံးရေရှားပါးခြင်းပင် ဖြစ်သည်။ ထိုသို့ ရေရှားပါးပြတ်လပ်မှုမျိုးမကြုံရလေအောင် အဖိုးတန်သောရေကို ယခုကတည်းက စနစ်တကျစုဆောင်းထားပြီး ချွေတာသုံးစွဲဖို့ လိုအပ်သည်။

စင်စစ်အားဖြင့် သက်ရှိများအတွက် အရေးပါဆုံးသောအရာသည် “ရေ” ပင် ဖြစ်နေသည်။ ဓာတုဒြပ်ပေါင်းတစ်ခုဖြစ်သည့် ရေမော်လီကျူးတစ်ခုတွင် ဟိုက်ဒရိုဂျင်အက်တမ်တစ်ခုနှင့် အောက်ဆီဂျင်အက်တမ်နှစ်ခု ($H_2O$)တို့ ပေါင်းစပ်ပါဝင်ကြောင်းကို ငယ်စဉ်ကတည်းက ဓာတုဗေဒဘာသာရပ်တွင် သင်ကြားခဲ့ရသည်။ ရေကိုသတ်မှတ်အပူချိန်နှင့် ဖိအားအောက်တွင် အရည်အဖြစ် တွေ့ရလေ့ရှိသည်။ ထို့အပြင် ရေခဲ၊ ရေခိုးရေငွေ့၊ နှင်းခဲ၊ မြူငွေ့နှင့် တိမ်တိုက်အဖြစ်လည်း ရုပ်တည်နေပါသည်။ ကမ္ဘာ့မြေမျက်နှာပြင် ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားရှိပြီး ရေအများစုသည် ပင်လယ်သမုဒ္ဒရာများတွင် စုဖွဲ့တည်ရှိနေကြသည်။

**ရေဘယ်လောက်သောက်မလဲ**

လူတစ်ဦး၏ နေ့စဉ်လုံလောက်စွာသောက်သုံးသည့်ရေပမာဏသည် ထိုသူ၏ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကိုထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ နေ့စဉ်သောက်ရေ ဖန်ခွက် ရှစ်ခွက်မှ ၁၀ ခွက်ခန့်အထိ သောက်သုံးသူသည် ကျန်းမာရေးကောင်းမွန်မည်ဟု ကျွမ်းကျင်သူများကဆိုထားသည်။ အထူးသဖြင့် အမျိုးသားများသည် ရေ ၁၃ ခွက် (၃ လီတာခန့်)အထိ သောက်သုံးသင့်ပြီး အမျိုးသမီးများသည် ကိုးခွက် (၂ ဒသမ ၂ လီတာခန့်)အထိ သောက်သင့်သည်ဟုလည်း ဆိုထားသည်။

စင်စစ်အားဖြင့် ရေသည် လူတစ်ဦး၏ကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့အပြင် ရေသည် လူ့ကိုယ်ခန္ဓာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း ပါဝင်နေသည်။ လူတစ်ဦး၏ကိုယ်ခန္ဓာအရွယ်အစားအပေါ်မူတည်၍ ရေ ၅၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ဦးနှောက်နှင့် နှလုံးတွင် ရေ ၇၃ ရာခိုင်နှုန်းပါဝင်ပြီး အဆုတ်တွင် ၈၃ ရာခိုင်နှုန်းအထိ ပါဝင်သည်ဟု ဆိုသည်။

**အကျိုးကျေးဇူးများ**

လူတစ်ဦးသည် ရေကိုဖူလုံစွာသောက်သုံးထားပါက ဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့်ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားရေခြောက်ခန်းမှုပြင်ပရောဂါပိုးဝင်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ခန္ဓာကိုယ်အပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။ ထို့အပြင် ရေကို လုံလောက်စွာသောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှု လျော့ပါးသက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်သည့်ဝေဒနာမှ သက်သာစေခြင်း၊ အစာကျေလွယ်ပြီးဝမ်းချုပ်ခြင်းမှ ကင်းဝေးခြင်း၊ ကိုယ်ခန္ဓာအလေးချိန် လျော့ကျစေခြင်း၊ အဆီပိုအတောက် ဖြစ်ပွားနိုင်မှုမှလျော့ပါးစေခြင်း၊ ကိုယ်ခန္ဓာအေးမြမှုကို ထိန်းချုပ်ပေးခြင်း စသည့် အကျိုးကျေးဇူးပေါင်းများစွာကို ရရှိစေသည်။

အထူးသဖြင့် ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူသားတို့အသုံးပြုသည့် ရေ ၇၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည်။

**သန့်ရှင်းသောရေရှားပါးလာ**

ကမ္ဘာ့မြေကြီး၏ ၇၀ ရာခိုင်နှုန်းသည် ရေနှင့်ဖုံးလွှမ်းလျက်ရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေမှာမူ အလွန်အမင်းရှားပါးလျက်ရှိသည်။ ကမ္ဘာ့ရေထု၏ သုံးရာခိုင်နှုန်းခန့်သာလျှင် သန့်ရှင်းသော သောက်သုံးရေဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့လူဦးရေ ၂ ဒသမ ၄ ဘီလီယံခန့်သည် ဝမ်းလျှောဝမ်းပျက်ခြင်း၊ အူရောင်ငန်းဖျားဖြစ်ပွားခြင်းနှင့် ရေနှင့်ဆက်စပ်သည့် အခြားရောဂါများ ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် ကလေးငယ်အများစု အပါအဝင် နှစ်စဉ် လူနှစ်သန်းခန့်သည် ဝမ်းရောဂါဖြင့် သေဆုံးရလျက်ရှိသည်။ ထို့အပြင် ကမ္ဘာ့လူဦးရေ လေးဘီလီယံခန့်သည် ရေရှားပါးမှုဒဏ်ကို တစ်နှစ်လျှင် အနည်းဆုံး တစ်လခန့် ကြုံတွေ့ရလျက်ရှိသည်။ လူဦးရေ နှစ်ဘီလီယံကျော်သည် ရေဖူလုံမှုမရှိသော နိုင်ငံများတွင် နေထိုင်ရလျက်ရှိသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ရေရှားပါးသည့်ဒေသများတွင် နေထိုင်ရတော့မည် ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၇၀၀ ခန့်သည် အလွန်အမင်းရေရှားပါးမှုနှင့် ကြုံတွေ့ရတော့မည်ဖြစ်သောကြောင့် အိမ်ခြေရာမဲ့များ ဖြစ်လာတော့မည်ဖြစ်သည်။ ၎င်းအပြင် ၂၀၄၀ ပြည့်နှစ်တွင် ကလေးငယ် လေးဦးလျှင် တစ်ဦးသည် အလွန်အမင်း ရေရှားပါးမှုအန္တရာယ်နှင့် ကြုံတွေ့ရတော့မည်ဖြစ်သည်။

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်း၌ ရေရရှိရေးအတွက် နည်းလမ်းကောင်းများ တိုးတက်လာသော်လည်း လူဦးရေသန်း ၁၀၀၀ ခန့်သည် သန့်ရှင်းသောသောက်သုံးရေ မရှိနိုင်သေးသည့်အပြင် ကျန် သန်း ၂၅၀၀ ခန့်သည်လည်း ကျန်းမာရေးနှင့် ညီညွတ်သောရေကို ဖူလုံစွာမရရှိကြသေးပါ။ ထို့အပြင် ၂၀၂၅ ခုနှစ် ရောက်ရှိချိန်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ရေကိုအခြေခံသည့်ရောဂါများနှင့် ရင်ဆိုင်ရမည်ဟု လေ့လာသုံးသပ်သူများက ဆိုထားသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ပေါ်ရှိ ဖွံ့ဖြိုးဆဲဒေသများ၌ ရေလိုအပ်ချက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဟု ဆိုသည်။

အနာဂတ်တွင် ကြုံတွေ့ရနိုင်သည့်စစ်ပွဲများသည် နိုင်ငံရေးကြောင့်မဟုတ်ဘဲ သောက်သုံးရေရရှိရေးကို အကြောင်းပြု၍ ဖြစ်ပွားလာမည်ဟု ဆိုသည်။ လူဦးရေတိုးပွားလာမှုသည်လည်း ရေရှားပါးခြင်း၏ အခြေခံအကြောင်းရင်းတစ်ခု ဖြစ်သည်။ ရေရှားပါးမှုကြုံတွေ့နေရပြီးဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၃၅၀၀ ခန့်သည် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားရှိသည်။ ထို့ကြောင့် ရေအရင်းအမြစ်များကို အချိန်မီ စနစ်တကျ ထိန်းသိမ်းကာကွယ်မှုမရှိလျှင် ရေရှားပါးပြတ်လပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။

**ရေရှားပါးမှုဖြစ်ရသည့်အကြောင်းရင်းများ**

**“ မြို့ပြများတွင် စက်ရေတွင်းများ လွန်ကဲစွာတူးဖော်ခြင်းသည်လည်း မြေအောက်ရေအရင်းမြစ်ကို ဆုတ်ယုတ်စေပါသည်။ ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စက်ရုံများမှ ထုတ်လွှတ်သော စွန့်ပစ်ဓာတုပစ္စည်းများကို မြစ်၊ ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်လေ့ရှိကြသည်။ စက်ရုံ၊ အလုပ်ရုံများအား အအေးခံခြင်းနှင့် ထုတ်ကုန်ပစ္စည်းကို တင်ပို့ရာတွင်လည်း ရေလမ်းကိုသာ အသုံးပြုကြရသည်။ ထို့ကြောင့် စနစ်တကျ စီမံခန့်ခွဲမှုများဖြင့်သာ အနာဂတ် ရေရှားပါးပြတ်လပ်မှု ပြဿနာကို ကြိုတင်ကာကွယ်နိုင်မည် ”**

မြို့ပြများ တိုးချဲ့တည်ဆောက်ခြင်း၊ စက်မှုလုပ်ငန်းများ ထူထောင်ခြင်းနှင့် သဘာဝသစ်တောများကို လွန်ကဲစွာခုတ်လှဲခြင်းသည် ရေရှားပါးရခြင်း၏ အခြေခံအကြောင်းတရားများပင် ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းများကျခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ထိုသို့သဘာဝလွန်ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ပွားမှုသည်သဘာဝရေအရင်းမြစ်ကို ထိန်းသိမ်းထားနိုင်စွမ်း နည်းပါးလာပြီး ရေရှားပါးခြင်းဆိုသော နောက်ဆက်တွဲဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေပါသည်။

ထို့အပြင် မြို့ပြများတွင် စက်ရေတွင်းများ လွန်ကဲစွာတူးဖော်ခြင်းသည်လည်း မြေအောက်ရေအရင်းမြစ်ကို ဆုတ်ယုတ်စေပါသည်။ ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စက်ရုံများမှ ထုတ်လွှတ်သော စွန့်ပစ်ဓာတုပစ္စည်းများကို မြစ်၊ ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်လေ့ရှိကြသည်။ စက်ရုံ၊ အလုပ်ရုံများအား အအေးခံခြင်းနှင့် ထုတ်ကုန်ပစ္စည်းကို တင်ပို့ရာတွင် လည်း ရေလမ်းကိုသာ အသုံးပြုကြရသည်။ ထို့ကြောင့် စနစ်တကျ စီမံခန့်ခွဲမှုများဖြင့်သာ အနာဂတ် ရေရှားပါးပြတ်လပ်မှုပြဿနာကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်သည်။

ရေအရင်းအမြစ်ကို စနစ်တကျထိန်းသိမ်းရန် လိုအပ်သည့်အပြင် ရေထုညစ်ညမ်းမှုကို ကာကွယ်ရေးသည်လည်း လူသားအားလုံး၏ တာဝန်တစ်ရပ်ဖြစ်သည်။ ဓာတုစက်ရုံများမှစွန့်ပစ်ပစ္စည်းများအား မြစ်၊ ချောင်းများအတွင်းသို့ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ခြင်းနှင့် ခေတ်မီဆန်းသစ်သောလက်နက်များအား ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ပစ်ခတ်စမ်းသပ်မှုများသည် ရေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတကာပဋိညာဉ်များနှင့် ကတိကဝတ်များကို လိုက်နာစောင့်ထိန်းပြီး ရေထုညစ်ညမ်းမှု အန္တရာယ်အား ကြိုတင်ကာကွယ်ဖို့ လိုအပ်ပါသည်။

**ရေကိုဘယ်လိုချွေတာမလဲ**

လူတိုင်းသည် နေ့စဉ် မိုးလင်း၊ မိုးချုပ် ရေကို သုံးစွဲနေရမည် ဖြစ်သည်။ ထိုသို့သုံးစွဲရာတွင် လူတစ်ဦးတစ်ယောက်ချင်းစီမှ အဖိုးတန်ရေကို ချွေတာသုံးစွဲသွားမည်ဆိုလျှင် ရေရှားပါးသောဒေသရှိ ပြည်သူများကို ကူညီရာရောက်ပါသည်။ ရေကို အောက်ပါနည်းလမ်းများအတိုင်းသာ ခြိုးခြံချွေတာသုံးစွဲသင့်ပါသည်-

(၁) သွားတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းကိုပိတ်ထားခြင်း။
(၂) ရေပိုက်ခေါင်းများကို မလိုအပ်လျှင် ပိတ်ထားခြင်း။
(၃) နေအိမ်ရှိရေပိုက်ခေါင်းအားလုံးကို ပြုပြင်ထားခြင်း။
(၄) ရေချိုးခန်းရေပန်းခေါင်းတိုတိုကိုသာ အသုံးပြုခြင်း။
(၅) ရေပန်းခေါင်းကို လိုအပ်သလောက်သာ ဖွင့်၍ရေချိုးခြင်း။
(၆) အိမ်သာရေစိမ့်မှုကို ပြုပြင်ထားခြင်း။
(၇) ရေစိမ့်နေသည့်နေရာများကို စစ်ဆေးခြင်း။
(၈) မိုးရေကို ခံထားခြင်း။
(၉) ရေအိမ်ကိုအမှိုက်ပုံးကဲ့သို့ အသုံးမပြုခြင်း။
(၁၀) ရေချွေတာသည့်စက်များဝယ်ထားခြင်း (ဥပမာ- ပန်းကန်ဆေးစက်၊ အဝတ်လျှော်စက်)။
(၁၁) မည်သည့်အခါမျှ ရေကို မသွန်ပစ်ရန်။

**သောက်ရေဖူလုံရေးကိုပင် များစွာခက်ခဲ**

နွေရာသီရောက်ပြီဆိုသည်နှင့် ကျေးလက်နေပြည်သူများ အထူးသဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဝေးကွာသောဒေသများတွင် နေထိုင်သူများအတွက် ခေါင်းအခဲရဆုံးပြဿနာသည် သောက်သုံးရေရှားပါးမှုပင် ဖြစ်သည်။ နွေရာသီ၌ ရေရှားပါးမှုကြုံတွေ့ရသည့် အချို့သောဒေသများတွင် နေ့စဉ်သုံးရေရရှိရေးထက် သောက်ရေဖူလုံရေးကိုပင် များစွာခက်ခဲကြသည်။ ကျေးလက်နေပြည်သူများသည် သောက်သုံးရေ တစ်ပုံး၊ တစ်အိုး ရရှိရေးအတွက် မိုင်ပေါင်းများစွာ ဝေးကွာသောနေရာများသို့ပင်ပန်းကြီးစွာသွားရောက်ကာ ခပ်ကြရလေ့ရှိသည်။ နွေရာသီတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားများနှင့်အတူ ရေရှိသည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်ရှိသောနေရာများသို့ သွားရောက်နားခိုရလေ့ရှိသည်။

**အဖိုးတန်ရေကို ချွေတာသုံးစွဲ**

စင်စစ်အားဖြင့် နွေရာသီတွင် ရေရှားပါးမှုပြဿနာကို နှစ်စဉ် ကြုံတွေ့နေရသဖြင့် ကျေးလက်နေပြည်သူများ၏ အနာဂတ်ကိုမြော်တွေးကာ သောက်သုံးရေဖူလုံရေးအတွက် ထိရောက်သော ရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဖို့ လိုအပ်ပါသည်။ နွေရာသီတွင်ရေရှားပါးပြတ်လပ်မှုကြုံတွေ့ရသည့် ဒေသများသည် မိုးရာသီတွင်ရေအောက်ကြမ်းပြင် ဖြစ်သွားလေ့ရှိသည်။

**စာမျက်နှာ ၁၀ သို့ ❖**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## (၇၅)နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းကို အင်းစိန်မြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများ စာပေဥယျာဉ်အသင်း Book Club တို့ ပူးပေါင်း၍ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် မြောက်ပိုင်းခရိုင်(ပြန်/ဆက်) ရုံး လူထုအခြေပြုဇဟိုဌာန အစည်းအဝေးခန်းမ၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့သည်။



ဆွေးနွေးပွဲတွင် ခရိုင်ပြန်/ဆက် ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးခိုင်နှင့် မြို့နယ် စာအုပ်/စာစောင် ချစ်မြတ်နိုးသူများ စာပေဥယျာဉ်အသင်း နာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)တို့က စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး မြို့နယ် သတင်းစာဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ သတင်းစာဆရာ/ စာရေးဆရာ ဒေါက်တာဖိုလ်သံမဏိ(တောင်တွင်းကြီး)၊ မြို့နယ်စာရေး ဆရာအသင်း ဥက္ကဋ္ဌ ဦးစိုးနိုင် (လှမိုးနိုင်)နှင့် မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့် - မူခင်း) တို့က (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် သုတေသီ မြင့်ထွန်း ရေးသားသော ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝစာပေနှင့် သမိုင်းဝင် အဆိုအမိန့်များ၊ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ဆွေးနွေး ပြောကြားကြရာ တက်ရောက်လာကြသည့် စာရေးဆရာသက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ ရွှေမော်သန်းထိုက်နှင့် မောင်ပန်းဝေ (ညောင်တုန်း) တို့က ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ စာရေးဆရာ သတင်းစာဆရာ ရန်နောင် (ပညာရေး)က ၎င်းရေးသားသည့် "အောင့်အည်း သည်းခံခြင်းသည် နိုင်ငံရေး ရင့်ကျက်မှုဖြစ်သည်" နှင့် အခြားဆောင်းပါးများ၊ ကွယ်လွန်တော်ချစ်သော စာရေးဆရာတစ်ဦး စသည့် ဆောင်းပါးများတွင် ပါရှိသော စာရေးဆရာ၏ တိုင်းပြည်နှင့် လူမျိုးအကျိုး ဖွံ့ဖြိုးတိုးတက်စေလိုသည့် ရည်ရွယ်ချက် စေတနာ၊ မေတ္တာများကို ဆွေးနွေးတင်ပြရာ စာအုပ်စာပေ ချစ်မြတ်နိုးသူ၊ စာဖတ်ပရိသတ်များက မေးမြန်းဆွေးနွေး အသိခြင်းဖလှယ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

❖ စာမျက်နှာ ၉ မှ

ကျေးလက်နေပြည်သူများသည် ထိုအခြေအနေမျိုးကို နှစ်စဉ်ကြုံတွေ့နေကြရသည်။ လတ်တလော အခက်အခဲကို လက်ပူတိုက် ဖြေရှင်းခြင်းသည် မှန်ကန်သောနည်းလမ်းတစ်ရပ် မဟုတ်ချေ။ ထို့ကြောင့် ရေရှားပါးမှုနှင့် ရေလွှမ်းမိုးမှုဒဏ်မှ ကင်းဝေးရလေအောင် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါသည်။ နွေရာသီတွင် ကျေးလက်နေပြည်သူများ ရေဖူလုံရေးအတွက် အလှူရှင်များ အပါအဝင် တာဝန်ရှိသူများ၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ အရေးတကြီးလိုအပ်နေပြီ ဖြစ်သည်။

ဆိုရလျှင် ရေဖူလုံစွာရရှိသူများ၊ အထူးသဖြင့် ဝန်ထမ်းများသည် ရေကိုချွေတာသုံးစွဲသင့်သည်။ ရေချိုးခန်းများ၊ အများသုံးအိမ်သာများနှင့် ပန်းခြံများတွင် ရေပိုက်ခေါင်းများပွင့်နေလျှင် ပိတ်ထားသင့်သည်။ ထို့အပြင် ပန်းပင်များနှင့် မြက်ခင်းများကို ရေပိုက်ကြီးများဖြင့် ရေဖျန်းသည်ထက် ခွက်ဖြင့် လိုအပ်သလောက်သာ ချိန်ဆလောင်းသင့်သည်။ လူတစ်ဦးချင်းစီကသာ တတ်နိုင်သမျှ ရေကိုချွေတာသုံးစွဲခဲ့မည်ဆိုလျှင် နွေရာသီတွင် သောက်သုံးရေဖူလုံနိုင်ပေသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။ ထိုကျေးလက်နေပြည်သူအများစုသည် နှစ်စဉ်နွေရာသီတွင် သောက်သုံးရေရှားပါးမှုဒဏ်ကို ခါးစည်းခံရလေ့ရှိကြသည်။ ထို့ကြောင့် နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် နွေရာသီတွင် သောက်သုံးရေဖူလုံစေရေးအတွက် ကြိုတင်မြော်တွေးကာ ကိုယ်စီအသိစိတ်ဓာတ်ရှိစွာဖြင့် တန်ဖိုးရှိသောရေကို စနစ်တကျ ချွေတာသုံးစွဲကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၃/ ၂၀၂၂)ဖွင့်လှစ်ရန်သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇန်နဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းစသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်း အပတ်စဉ် (၃/ ၂၀၂၂) အား (၁၀-၁-၂၀၂၂)ရက်နေ့မှ(၁၈-၂-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်- ၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေးဖျာပုံမြို့၊ ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊
  ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊
  ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန



## တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အရှိန်မြှင့်တင်သင့်ကြောင်း သမ္မတ ရာမာဖိုဆာ ပြောကြား

**ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၉**

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့်တင်ဆောင်ရွက်သင့်ကြောင်း တောင်အာဖရိကသမ္မတ ရာမာဖိုဆာက ဇန်နဝါရီ ၈ ရက်တွင် ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ယင်းအရေအတွက်သည် အခြားသော အာဖရိကနိုင်ငံများထက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပိုမိုထိုးနှံနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေသည် တောင်အာဖရိကအစိုးရ မျှော်လင့်ထားသည့် မျှော်မှန်းချက်ထက် လျော့နည်းနေကြောင်းလည်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**

## ဘရာဇီးနိုင်ငံ ဖာနတ်စ်ရေကန်၌ မတော်တဆမှုဖြစ်ပွား

**ဘရာဇီးလီးယား ဇန်နဝါရီ ၉**

ဘရာဇီးနိုင်ငံရှိ မီနာဂီရက်စ်ပြည်နယ် ကက်ပီတိုလီအိုမြို့အနီး ဖာနတ်စ်ရေကန် ကျောက်အင်ူရှိ ရေတံခွန်မှ ကျောက်သားများပြိုကျခဲ့ရာ အဆိုပါရေကန်အတွင်း မော်တော်ဘုတ်ဖြင့် ရှုခင်းများကြည့်ရှုနေသည့်ခရီးသည် အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ဆိုရှယ်မီဒီယာများ၌ လွှင့်တင်ခဲ့သည့် ဗီဒီယိုဖိုင်တစ်ခု၌ အဆိုပါကျောက်အင်ူရှိ ရေတံခွန်မှ ကျောက်လွှာအချပ် ရေကန်ထဲသို့ ပြုတ်ကျလာချိန်တွင် ကြောက်လန့်တကြား အော်ဟစ်နေသော ခရီးသည်များကို တွေ့မြင်ခဲ့ရပြီး အဆိုပါကျောက်အင်ူမှ ပြိုကျလာသော ကျောက်သားအလွှာတစ်ချပ်သည် မော်တော်ဘုတ်ကို ထိမှန်ပြီး မော်တော်ဘုတ်နစ်မြုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ ပျောက်ဆုံးသူများကို ရေငုပ်ရှာဖွေကယ်ဆယ်ရေးသမားများက ရှာဖွေလျက်ရှိသည်။ လွန်ခဲ့သော သီတင်းနှစ်ပတ်က အဆိုပါဒေသအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာမှ အဆိုပါကျောက်အင်ူမှ ကျောက်သားများ ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



## အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးကြိမ်မြောက်ထိုးနှံပြီးသူ နှစ်သိန်းခွဲရှိသွားပြီဖြစ်

**ဂျေရုဆလင် ဇန်နဝါရီ ၉**

အစ္စရေးနိုင်ငံသည် အသက်အရွယ်ကြီးရင့်သူများနှင့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးကြိမ်မြောက်ထိုးနှံမှုကို ပြီးခဲ့သည့်တစ်ပတ်အတွင်းကတည်းက စတင်ခဲ့ရာ လက်ရှိတွင် အစ္စရေးနိုင်ငံသား ၂၅၀၀၀၀ သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလေးကြိမ်မြောက် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း အစ္စရေး ဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်က ယနေ့တွင် ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ ရှိနေစဉ်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်မည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံလက်ခံရရှိခဲ့ကြောင်းနှင့် အဆိုပါကာကွယ်ဆေးများအား အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများအား ထိုးနှံပေးမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်က ပြောကြားသည်။

လက်ရှိတွင် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိပြီး ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၅၁၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉ ဒသမ ၄၅ သန်း ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**




## အိန္ဒိယနိုင်ငံ၌ ပါလီမန်ဝန်ထမ်း ၄၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**နယူးဒေလီ ဇန်နဝါရီ ၉**

အိန္ဒိယနိုင်ငံတွင် ပါလီမန်ဝန်ထမ်း ၄၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း ဒေသဆိုင်ရာမီဒီယာက ယနေ့ ဖော်ပြထားသည်။

အိန္ဒိယပါလီမန်ဝန်ထမ်းများသည် ပါလီမန်၏ အစည်းအဝေးမတိုင်မီ ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုခံယူခဲ့ပြီး ဝန်ထမ်း ၄၀၀ ကျော်တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများသည် ပါလီမန်ဝန်ထမ်း ၁၄၀၉ ဦးကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ၎င်းတို့၏ နမူနာများကို ဓာတ်ခွဲခန်းသို့ ပို့ဆောင်ခဲ့ပြီးနောက် ဝန်ထမ်း ၄၀၂ ဦးတွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိကြောင်း ဓာတ်ခွဲခန်းတာဝန်ရှိသူများက အတည်ပြုလိုက်သည်ဟု ဒေသဆိုင်ရာသတင်းအေဂျင်စီက ဖော်ပြထားသည်။

ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အစိုးရ၏လမ်းညွှန်ချက်များအတိုင်း ရောဂါကြိုတင်ကာကွယ်ရေးအစီအမံများကို လိုက်နာကြရန် ပါလီမန်ဝန်ထမ်းများအား အကြံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အဆိုပါဝန်ထမ်းများတွင် အောက်လွှတ်တော်ဝန်ထမ်း ၂၀၀၊ အထက်လွှတ်တော်ဝန်ထမ်း ၆၉ ဦးနှင့် ပါလီမန်နှင့် ဆက်နွယ်သော ဝန်ထမ်း ၁၃၃ ဦး ပါဝင်ကြောင်း ဒေသဆိုင်ရာမီဒီယာက ဖော်ပြထားသည်။

အိန္ဒိယပါလီမန်၏ အစည်းအဝေးကို လာမည့်သီတင်းပတ်သုံးပတ်အကြာတွင် ကျင်းပမည်ဖြစ်သည်။

မကြာသေးမီက ဒေလီဒေသန္တရအစိုးရ၏ ညွှန်ကြားချက်အရ သဘာဝဘေး စီမံခန့်ခွဲရေးအာဏာပိုင်များက အစိုးရရုံးအားလုံးတွင် ဝန်ထမ်းအင်အား ၅၀ ရာခိုင်နှုန်းသာ ရုံးတက်ပြီး ကျန် ၅၀ ရာခိုင်နှုန်းသည် နေအိမ်မှ ရုံးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဒေလီမြို့တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၁၈၁ ဦး စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၇ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ ဇန်နဝါရီ ၉**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၅၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၇၈၃၃၃၁ ဦးရှိလာကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၅၁ ဦးအနက် ၂၉၅၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၉၉ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၁၆၅၅ ဦး ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၁၆၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၇၁၁၉၀၀ ရှိလာကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၃၉၇၇၆ ဦးရှိကြောင်း၊ ယင်းတို့အနက် ၂၅၃ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၁၁၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၉ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၈ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀ သန်းကျော် ရှိလာ



**အဒစ်အာဘာဘာ ဇန်နဝါရီ ၉**

အာဖရိကတိုက်၌ ဇန်နဝါရီ ၈ ရက် ညနေပိုင်းအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၂၈၅၀၈ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၁၁၅၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၉၁၆၄၆၉ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ လစ်ဗျားနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၅၁၃၈၁၃ ဦးရှိကြောင်း၊ မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၉၀၀၅၇ ဦးရှိကြောင်းနှင့် တူနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၃၈၄၄၂ ဦးရှိကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၅၄၇ သန်း အသုံးပြုပြီးဖြစ်ကြောင်းနှင့် အာဖရိကတိုက် လူဦးရေစုစုပေါင်း၏ ၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၆၅ သန်းကျော် ရှိလာ

**မော်စကို ဇန်နဝါရီ ၉**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၂၄၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၆၅၀၈၄၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

**သေဆုံးသူပေါင်း ၃၁၆၁၃၆၃ ဦးရှိလာ**

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၆၃ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၁၆၁၃၆၃ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၂၀၇၅၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၆၈၆၉၁၂ ဦးရှိလာကြောင်း သိရသည်။

**တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၇၄ ဦး ထပ်မံတွေ့ရှိ**

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဖြစ်ပွားသည့် ဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၇၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၂၀၅၃၀၄၆ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ နိုင်ငံလူဦးရေစုစုပေါင်း၏ ၇၉ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၅ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ပေကျင်း ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး အစီအစဉ်များ တိကျစွာ ချမှတ်ထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ပေကျင်း ဇန်နဝါရီ ၉**

တရုတ်နိုင်ငံတွင်ကျင်းပမည့် ပေကျင်း ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများမှာ ပြည့်စုံတိကျကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်ကျန်းမာရေးအစီအစဉ်မှ ညွှန်ကြားရေးမှူး မိုက်ကယ် ရိုင်ယန်က ပြောကြားသည်။

**အကူအညီများပေးလျက်ရှိ**

လက်ရှိအချိန်တွင် အဆိုပါ အိုလံပစ်ပြိုင်ပွဲ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဆိုပါ အိုလံပစ်ပြိုင်ပွဲကျင်းပရေးကော်မတီအား လိုအပ်သော နည်းပညာဆိုင်ရာအကူအညီများပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပေကျင်း ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲအတွက် လိုအပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအစီအမံများကို တရုတ်နိုင်ငံ တာဝန်ရှိသူများက ပြည့်စုံစွာစီစဉ်ဆောင်ရွက်ထားပြီး မိမိတို့ဘက်မှလည်း လိုအပ်ချက်များကို တိကျစွာဖြည့်ဆည်းပေးခဲ့သဖြင့် အဆိုပါ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု တစ်စုံတစ်ရာတွေ့ရှိရမည် မဟုတ်ကြောင်း မိုက်ကယ်ရိုင်ယန်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၅၅၃ ဦး ထပ်မံတွေ့ရှိ



**ဟန်နွိုင်း ဇန်နဝါရီ ၉**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၅၅၃ ဦး ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၆၅၁၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၄၀ သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက် ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၈၇၆၃၉၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၄၁၁၇ ဦးရှိကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၈၉၉၀ ရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၄၈၈၀၃၈ ဦးရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကာကွယ်ဆေး အလုံးရေ ၁၅၉ ဒသမ ၂ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်း၊ ယင်းကာကွယ်ဆေးများအနက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၇၀ ဒသမ ၈ သန်းအား ဒုတိယအကြိမ်ထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်းနှင့် ၁၀ ဒသမ ၂ သန်းအား တတိယအကြိမ် အပိုဆောင်းထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှု အရှိန်မြှင့်ဆောင်ရွက်

**တိုကျို ဇန်နဝါရီ ၉**

ဂျပန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများရှိ ဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများရှိ သက်ကြီးရွယ်အို ၆၀၀ ကျော်နှင့် အဆိုပါဂေဟာများရှိ ဝန်ထမ်းများအား ယခုသီတင်းပတ်ကုန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တိုကျိုဒေသအရှေ့ဘက် ချီဘာမြို့ရှိ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာငါးခု၌ ယမန်နှစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။

သက်ကြီးရွယ်အိုများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက ငယ်ရွယ်သူများထက် ပိုမိုပြင်းထန်စွာ ခံစားရနိုင်ပြီး ၎င်းမှတစ်ဆင့် လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်သည့် အခြေအနေသို့ ရောက်ရှိနိုင်သဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းအား အရှိန်မြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း တစ်သိန်းခွဲကျော်ရှိ

**လန်ဒန် ဇန်နဝါရီ ၉**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၁၅၀၀၅၇ ဦး ရှိလာကြောင်း ဇန်နဝါရီ ၈ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

**ကူးစက်ခံရသူ ၁၄၆၃၉၀ ထပ်မံတွေ့ရှိ**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၃၉၀ ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၄၃၃၃၇၉၄ ဦးရှိလာကြောင်း သိရသည်။

အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယ၊ ရုရှား၊ မက္ကဆီကိုနှင့် ပီရူးနိုင်ငံတို့သည် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် တစ်သိန်းခွဲကျော်ရှိခဲ့သည့် နိုင်ငံများဖြစ်ခြင်းကြောင့် ဗြိတိန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းခွဲကျော်ရှိခဲ့သည့် ခုနစ်နိုင်ငံမြောက် ဖြစ်လာကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၂ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၆၁ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**





# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၂၃၇ ဦး ထပ်မံတွေ့ရှိ

**အန်ကာရာ ဇန်နဝါရီ ၉**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၆၂၃၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၉၉၁၆၇၂၅ ဦး ရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၈၃၅၂၉ ဦး ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၄၅၉၂ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၅၇ ဒသမ ၀၈ သန်းကျော်ရှိကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူ စုစုပေါင်း ၅၁ ဒသမ ၈၇ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေစုစုပေါင်း ၁၃၅ ဒသမ ၉၉ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၇၀၇ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဇန်နဝါရီ ၉**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၇၀၇ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၆၅၄၇၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၅ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂၁၅၀ ရှိလာသည်။ မနီလာမြို့နှင့် အနီးပတ်ဝန်းကျင်ရှိဒေသများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ထပ်မံတွေ့ရှိရသဖြင့် ၎င်းဒေသများရှိ ဆေးရုံများ၌ ဆေးရုံခုတင်များ လုံလောက်စွာ ပြင်ဆင်ထားရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ တိုးချဲ့ဖွင့်လှစ်ရန် ဖိလစ်ပိုင်အစိုးရက ညွှန်ကြားခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရအဖွဲ့ အတွင်းရေးမှူး ကားလို့စ်နိုဂရာလတ်စ်က ပြောကြားသည်။

မနီလာမြို့၌ ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အတွင်း နေ့စဉ် ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၆၈ ဦးခန့်ရှိခဲ့ကြောင်း သိရသည်။ လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၂၄ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ငါးဆခန့် မြင့်တက်

**နယူးဒေလီ ဇန်နဝါရီ ၉**

အိန္ဒိယနိုင်ငံ၌ ဇန်နဝါရီ ၁ ရက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၅၅၃ ဦးရှိခဲ့ရာမှ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၉၆၃၂ ဦးကို ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူအရေအတွက် ငါးဆခန့် မြင့်တက်လာခဲ့သည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများကို ပြည်နယ် ၂၇ ခု၌ တွေ့ရှိနေရသည်။ ယမန်နှစ်အတွင်းက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ ထောင်နှင့်ချီ များပြားခဲ့သည်။ ယခုနှစ်တွင်လည်း ဇန်နဝါရီ ၃ ရက်မှစတင်၍ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူအရေအတွက် များပြားလာခဲ့ရာ နိုင်ငံအတွင်းရှိ ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အများအပြားတက်ရောက်ကုသလာသည့်အတွက် ကုသရေးပိုင်းတွင် ဝန်ထုပ်ဝန်ပိုးများ ဖြစ်လာနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများက ပြောကြားသည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်းရှိ ဆေးရုံအများအပြား၌ အောက်ဆီဂျင် လုံလောက်စွာရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်၌ ဥတ္တာပရာဒေ့ရှ်၊ ပန်ဂျပ်၊ တမီနာဒူး၊ အနောက်ဘင်ဂေါနှင့် ကာနာတာကာစသည့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု လျှော့ချရေးအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညမထွက်ရအမိန့်ထုတ်ပြန်ခြင်း၊ လူစုလူဝေးများပြုလုပ်ရာ၌ လူအရေအတွက် လျှော့ချခြင်း၊ ဈေးဝယ်စင်တာများနှင့် အပန်းဖြေနေရာများအား ပိတ်ခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သည့် တစ်ရက်အတွင်း မဟာရက်ထရာပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၄၃၄ ဦး၊ ဒေလီ၌ ၂၀၁၈၁ ဦးနှင့် အနောက်ဘင်ဂေါပြည်နယ်၌ ၁၈၈၀၂ ဦး အသီးသီးတွေ့ရှိခဲ့သည်။ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်မှုအား သီတင်းတစ်ပတ် ခံယူရမည်ဖြစ်ပြီး ရှစ်ရက်ပြည့်မြောက်သည့်နေ့၌ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ခံယူရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၀၆၂၄၇၀၈၈ | ဦး |
| သေဆုံးသူ | ၅၅၀၃၉၁၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၅၉၀၉၀၆၀၅ | ဦး |

# တရားမဝင်ကုန်ပစ္စည်းများနှင့် သစ်မျိုးစုံ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနကဦးဆောင်၍ ပူးပေါင်းအဖွဲ့က ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကိုးဆူ စစ်ဆေးရေးဂိတ်နှင့် ရေကြည်မြို့နယ် မိဿလင်ကျေးရွာအနီး တို့တွင် တရားမဝင်သစ်များသယ်ဆောင်လာကြောင်း သတင်းအရ ပိတ်ဆို့စစ်ဆေးခဲ့ရာ ကျွန်းသစ် ၅၃ တန်နှင့် ပျဉ်းကတိုးသစ် ရှစ်တန် စုစုပေါင်း သစ်ခွဲသား ၆၁ တန်ခန့်ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၇ ရက်တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် တရားမဝင်သစ်များ သယ်ဆောင်လာကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့က တောင်ကုတ်မြို့နယ် ကြိုးကြာကွင်းကျေးရွာ နေလသစ္စာပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စောင့်ဆိုင်းစစ်ဆေးခဲ့ရာ သင်္ဂဒူသစ်ခွဲသားဆိုဒ်စုံ ၁ ဒသမ ၈ တန်ခန့်အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တရုတ်နိုင်ငံမှ တင်သွင်းလာသော ကုန်သေတ္တာများ အားစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ပါဝင်ခြင်းမရှိသော လုပ်ငန်းသုံး သစ်ပုံဖော်စက် လေးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)ခန့်အားလည်းကောင်း၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၀၀၀၀) ခန့်အားလည်းကောင်း၊ လူသုံးကုန်ပစ္စည်း ၂၁ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၂၅၀၀)ခန့်အား လည်းကောင်း စုစုပေါင်းအမှုတွဲ သုံးခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၇၂၅၀၀)ခန့်အား သိမ်းဆည်းရမိခဲ့ပြီး အမှုတွဲဖွင့်လှစ် အရေးယူ



ဆောင်ရွက်ခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ကြိုးဝိုင်းသစ်တောများအတွင်း တရားမဝင်သစ်များ ထုတ်လုပ်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင်သစ်မျိုးစုံ ၆ ဒသမ ၃၅ တန် သိမ်းဆည်းရမိခဲ့သည်။

သို့ပါ၍ ဇန်နဝါရီ ၅ ရက်၊ ၆ ရက်၊ ၇ ရက်နှင့် ၉ ရက်များတွင် သစ်မျိုးစုံ ၆၉ ဒသမ ၁၅ တန်အားလည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် အမှုတွဲ သုံးခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၇၂၅၀၀) ခန့်အားလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီထံမှ သိရသည်။

သတင်းစဉ်

# မြိတ်၊ နောင်ချို၊ ပုသိမ်နှင့် ဟိုပုံးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်းတွင် လမ်းလျှောက်လာသူ ယဉ်ဌေးကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းကိုင်ဆောင်လာသော ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီခွဲတွင် ရေပုန်းရပ်ကွက် ဗန္ဓုလလမ်းရှိ ဟိုတယ်အခန်းအမှတ်(၁၀၄)သို့ ဝင်ရောက်ရှာဖွေရာ သန်းထူးအောင်ကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် စစ်ဆေး ပေါ်ပေါက်ချက်အရ မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာရှိ ထွန်းနိုင်၏ နေအိမ်သို့ ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ နှင့် ဘိန်းစာမှုန့် ၂ ဒသမ ၇၂ ကီလို စုစုပေါင်းငွေကျပ် ၅၁၀၀ ဒသမ ၃၆ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ဇန်နဝါရီ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွား ကားလမ်း မိုင်တိုင်အမှတ်(၇၉/၁)တွင် ဝေဖြိုး(ခ)ရှော်တီ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် လှထွန်းမောင်းနှင်ပြီး ထွန်းလင်းအောင် လိုက်ပါလာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဝေဖြိုး(ခ)ရှော်တီ၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၀၀ ကို လည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီတွင် ပုသိမ်မြို့ အမှတ်(၆) ရပ်ကွက် အောင်ချမ်းသာ (၁) လမ်းနေ ကျော်ဇေယျာလင်း(ခ) မောင်ကျော်(ခ) နူတ်ခမ်းမွှေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆၀ ကို လည်းကောင်း။

**သိမ်းဆည်းရမိ**

ဇန်နဝါရီ ၇ ရက် ညပိုင်းတွင် ဟိုပုံးမြို့နယ် ပေါင်းလင်ကျေးရွာအုပ်စု နောင်ကော်ကျေးရွာနေ စိုင်းသန့်ဇင်(ခ)တဖစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ယဉ်ဌေး၊ သန်းထူးအောင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် တုံတာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် နံနက် ၇ နာရီတွင် ပါထားကျေးရွာအနီးရှိ ဘိန်းစိုက်ခင်း ၃ ဒသမ ၅ ဧကခန့်နှင့် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် စင်းတောင်ကျေးရွာအုပ်စု ထီတလီကျေးရွာအနီးရှိ ဘိန်းစိုက်ခင်း ဧက ၃၀ ခန့်တို့အား ဖျက်ဆီးခဲ့ကြောင်း။

အလားတူ မွန်းလွဲ ၂ နာရီတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ကျေးရွာ၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ တောင်ကမ်းပါးယံ၌ နှစ်ဧကခန့်ရှိ ဘိန်းစိုက်ခင်း တစ်ခင်း၊ တောင်ကျောပေါ်၌ ၂ ဒသမ ၅ ဧကခန့်ရှိ ဘိန်းစိုက်ခင်း တစ်ခင်းနှင့် သုံးဧကခန့်ရှိ ဘိန်းစိုက်ခင်း တစ်ခင်းတို့အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်သာကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခွဲခန့်အကွာရှိ ဘိန်းစိုက်ခင်း ဧက ၃၀ ခန့်နှင့် နံနက် ၉ နာရီ မိနစ် ၅၀ တွင် မိုင်းခက်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဝမ်ကျောင်းကျေးရွာ၏ အရှေ့မြောက်ဘက် သုံးဖာလုံခန့်အကွာရှိ ဘိန်းစိုက်ခင်း ၂ ဒသမ ၅ ဧကခန့်တို့အား အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ တောရှုက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကမ္ဘာ့အဆင့်ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရသည့်မြန်မာနိုင်ငံမြောက်ဖျား ဆီကအင်းတော်ကြီးကန်ဒေသ
**၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၀၅** ကချင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ
**၁၁:၃၅** ဘဝနှင့်အနုပညာ
**၁၃:၃၀** MRTV National News
**၁၅:၁၅** သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၂၅** ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ
**၁၇:၄၀** ဂေဟာစနစ်မပျက်ယွင်း ကချင်ပြည်နယ်အင်းတော်ကြီး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၂၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၅** 'ပန္နအလှ' Fashion Show
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေ့ရက်' (အပိုင်း-၁၆)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Awayyar Horntu (Sein Lei Lei)
**07:08** Ecotourism: The Famous Zalon Mountain
**07:23** Myanmar Musical Orchestra
**07:27** Gold: King Of All Metals
**08:01** Reflected Glory
**08:25** Shopping with Torch-Lights
**08:32** Great Shwedagon - The Sacred Hair Relics Hailing Pagodas
**09:01** News
**09:26** Global Partnership for Brighter Future: Austria Pavilion at Expo 2020 Dubai
**09:34** Discovering Tribes: Lisu- Their Life and Customs (Part-I)
**10:01** Myat Day Thanar (Pan Ei Phyu)
**10:09** The Third Prize Winner

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)** လက်ဖက်ထမင်းနှင့်အမဲသားထောင်း
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ပျော်ပျော်ပါးပါးမျှစ်ချိုးသွားရအောင်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ဖားပုတောင်ပေါ်မှ လှပသောမြင်ကွင်းတစ်ခွင်
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** တာရှန်းရိုးရာတောင်တက်ကပွဲ
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** အစွမ်းထက်တဲ့ ငရုတ်ကောင်းအကြောင်း သိကောင်းစရာ
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** မွန်စာပေသင်ကြရအောင်(အပိုင်း-၁)
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** အိပ်မက်ကကြိုးကခုန်သူ
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှုမငြီးတဲ့လမ်းခရီး
**ပ (၁၇:၀၀ မှ ၁၉:၀၀)** သံထည်ဖြင့်ပြုလုပ်ထားသောလူ့အသုံးအဆောင်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ဂေဟာစနစ်မပျက်ယွင်းကချင်ပြည်နယ်က အင်းတော်ကြီး
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ဆိုရိုးစကားများ(အပိုင်း-၂)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်ပလော်နဲ့'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel — MRTV FARMERS တို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel — တို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၉**

နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့ မြို့နယ်စည်ပင်သာယာရေးရုံး ရှေ့၌ အကြမ်းဖက်သမား တစ်ဦး လက်လုပ်မိုင်း ထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့ပြီး ၎င်းထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီတွင် တပ်ကုန်းမြို့ မြဝတီရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ စည်ပင်ရုံးရှေ့နှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီး (လမ်းဟောင်း)အကြားတွင် အမျိုးသားတစ်ဦးကို ၎င်း၏လက်နှစ်ဖက်ရှိ လက်ချောင်းများ ပြတ်ကာ မျက်နှာ၌ မိုင်းစထိမှန်ဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အမျိုးသားကို ဆေးကုမှုခံယူနိုင်ရေး တပ်ကုန်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည့် စည်ပင်ရုံး ပတ်ဝန်းကျင်အား လိုက်လံစစ်ဆေးခဲ့ရာ စည်ပင်ရုံးဝင်ပေါက်ယာဘက်ခြမ်း ပန်းချုံအတွင်းမှ ကီးပက်ဖုန်း တစ်လုံး၊ ဓာတ်ခဲသုံးလုံး၊ ဒီတိုနေတာ တစ်ခု၊ အားမြှင့်ယမ်းကြိုး တစ်ချောင်းတို့ဖြင့် ချိတ်ဆက်ထားပြီး PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ် ရီမုမိုင်းတစ်လုံး ထောင်ထားသည်ကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

ထိုကဲ့သို့ မြို့နယ်စည်ပင်ရုံးအား လက်လုပ်မိုင်း ထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံးခဲ့သည့် အကြမ်းဖက်သမားနှင့် ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားရှိပြီး ဖြစ်စဉ်တွင် ပူးပေါင်း ပတ်သက်သူများကို ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**











## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၉**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု လူငယ်စာပေပထမဆုရ "ရန်ကုန်ငွေးဇော်" ရေးသားသည့် "အသက်ရှည်ပါရေ" စာအုပ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်သည်။

သတင်းစဉ်

## မိုးဦးပန်းအထွေထွေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်း သမဝါယမအသင်းက ပခုက္ကူဒေသထွက် ပစ္စည်းများ ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပန်းဘဲတန်းမြို့နယ် မိုးဦးပန်းအထွေထွေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်းသမဝါယမအသင်းက တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ ဒေသထွက်ကုန်များကို ရောင်းချပေးလျက်ရှိသည်။ ထိုအသင်းမှ ပခုက္ကူဒေသထွက် ချည်စောင်၊ လက်သုတ်ပဝါ၊ ခြုံပဝါအမျိုးမျိုးနှင့် ရှင်မတောင်သနပ်ခါးတုံးများကို ဝယ်ယူ၍ သမဝါယမအသင်းသားပြည်သူများအား ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဟိုပန် ဇန်နဝါရီ ၉**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ဟိုပန်မြို့မဈေးရှေ့၌ ဆောင်ရွက်ခဲ့သည်။

ဟိုပန်မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးနိုင်မျိုးဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ခိုင်တို့ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်းကာ ဈေးသူ ဈေးသားများနှင့်အတူ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်စေခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်အား ရှင်းလင်းပြသပေးခြင်းများကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ဈေးဆိုင်ခန်းများအတွင်း ဝါယာကြိုးများသွယ်တန်းထားရှိမှုအခြေအနေများ စနစ်တကျရှိ/မရှိ စစ်ဆေးမှုများပြုလုပ်၍ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချ

**သုံးခွ ဇန်နဝါရီ ၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ အမဲသား စသည့်စားသောက်ကုန်ပစ္စည်းများကို ဈေးကားများဖြင့် ယမန်နေ့ နံနက် ၈ နာရီခွဲက သုံးခွမြို့မဈေးအနောက်ဘက်ရှိ ရှင်စောပုလမ်းတွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။

ယင်းသို့ရောင်းချရာတွင် ဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ကျပ် ၁၈၅၀၊ ပေါ်ဆန်းမွှေးဆန် တစ်ပြည်လျှင် ကျပ် ၁၇၀၀၊ ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀၊ အမဲသားတစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းသတ်မှတ်၍ ရွေ့လျားမော်တော်ယာဉ်ဖြင့် လာရောက်ရောင်းချပေးကြောင်း သိရသည်။

စည်သူလင်း (ပြန်/ဆက်)

## ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မကွေး ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်သည် ယမန်နေ့မွန်းလွဲ ၃ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးမြို့နယ်ရုံးမှ ဝန်ထမ်းများက မကြီးခြေထောက်ကျေးရွာတွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လူမှုရေးရာဝန်ကြီးသည် မကြီးခြေထောက်ကျေးရွာရှိ ဒေသခံပြည်သူ ၁၅၀ ခန့်နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ပြည်သူများ လူမှုဘဝပြည့်စုံစေရန် ကိုင်ဆောင်သင့် ကိုင်ဆောင်ထိုက်သည့် ကတ်ပြားတစ်မျိုးမျိုးရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာများအထိ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် နည်းလမ်းများကို ပြောကြားခဲ့သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မကြီးခြေထောက်ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၅၄ ဦးနှင့် အသက် ၁၈ နှစ်ပြည့် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၅၁ ဦး စုစုပေါင်း ၁၄၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **စည်သူ (မကွေး)**



## ရွှေဘိုမြို့နယ် မျိုးစေ့သန့်စင်စက်ရုံ စတင်စမ်းသပ်လည်ပတ်

**ရွှေဘို ဇန်နဝါရီ ၉**

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency)Seed Project အစီအစဉ်ဖြင့် တည်ဆောက်ပြီးစီးပြီးဖြစ်သည့် မျိုးစေ့သန့်စင်စက်ရုံနှင့် သိုလှောင်ရုံများအနက် ရွှေဘိုမြို့နယ်ရှိ မျိုးစေ့သန့်စင်စက်ရုံသည် ဇန်နဝါရီ ၈ ရက်က စမ်းသပ်လည်ပတ်နေပြီဖြစ်သည်။

"ရွှေဘိုမြို့နယ် ချီပါမျိုးသန့်ခြံမှာရှိတဲ့ မျိုးစေ့သန့်စင်စက်ရုံက Type-B အမျိုးအစားဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက JICA က တာဝန်ရှိသူတွေရယ်၊ ကျွန်မတို့ စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေ အားလုံးပေါင်းစပ်ညှိနှိုင်းကွင်းဆင်းကြီးကြပ်ပြီးတော့မှ ယနေ့ကစပြီး စမ်းသပ်လည်ပတ်နေတာဖြစ်ပါတယ်။ သူက အခြောက်ခံစက် တစ်လုံးပါဝင်ပြီးတော့ ရှစ်နာရီကို စပါးတင်းပေါင်း ၇၅၀ ကို အခြောက်ခံသန့်စင်နိုင်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်က ပြောသည်။

**ကွင်းဆင်းစစ်ဆေး**

JICA Seed Project အစီအစဉ်ဖြင့် ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ မျိုးစေ့သန့်စင်စက်ရုံနှင့် သိုလှောင်ရုံများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း တည်ဆောက်ခဲ့ရာ စက်ရုံလည်ပတ်မှုအနေဖြင့် ဝက်လက်မြို့နယ် စိုင်နိုင်ကြီးအထွက်တိုးစခန်းရှိ Type-A အမျိုးအစား မျိုးစေ့သန့်စင်စက်ရုံကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ ရွှေဘိုမြို့နယ် ချီပါမျိုးသန့်ခြံရှိ Type-B အမျိုးအစား မျိုးစေ့သန့်စင်စက်ရုံကို ယမန်နေ့ကလည်းကောင်း စမ်းသပ်လည်ပတ်မှုများ ဆောင်ရွက်နေပြီး ခင်ဦး၊ ဒီပဲယင်း၊ တန့်ဆည်မြို့နယ်များရှိ Type-C အမျိုးအစား မျိုးစေ့သန့်စင်စက်ရုံများ လည်ပတ်နိုင်ရေးအတွက်ကိုလည်း တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မျိုးစေ့တာဝန်ခံထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်မှာရှိတဲ့ JICA Project နဲ့ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ဒီပဲယင်း၊ တန့်ဆည်မြို့နယ်တွေမှာ Typ-A၊ Type-B၊ Type-C ဆိုပြီး အမျိုးအစားခွဲပြီး တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ယခုအချိန်က မိုးစပါးရိတ်သိမ်းချိန်လည်းဖြစ်တဲ့အတွက် လယ်ယာဖွံ့ဖြိုးရေးကဏ္ဍမှာ အထူးသဖြင့် မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ရည်ရွယ်ပြီးတော့ ဆောင်ရွက်တဲ့အပိုင်းတွေမှာ Typ-A၊ Type-B၊ Type-C မျိုးစေ့သန့်စင် စက်ရုံများဟာ ဒေသအတွက် တောင်သူများအတွက် အင်မတန်မှ အကျိုးရှိတဲ့ စက်ရုံတွေ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောကြားသည်။

လူလေး

## ကျိုက်မရောမြို့နယ်တွင် နွေစပါးစိုက်ဧက ၄၀၀၀ လျာထားစိုက်ပျိုး

**ကျိုက်မရော ဇန်နဝါရီ ၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ ပေါလောကျေးရွာ၊ ဖန်းကျေးရွာ၊ လှကဇိုင်းကျေးရွာနှင့် ဓမ္မသတ်ကျေးရွာတို့တွင် ဓမ္မသတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ နွေစပါးများ စိုက်ပျိုးလျက်ရှိသည်။

ယခုအခါ လှကဇိုင်းကျေးရွာအတွင်းရှိ နွေစပါးစိုက်ဧက ၂၂၅ ဧကမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် အခြားကျေးရွာများရှိ နွေစပါးစိုက်လယ်မြေများတွင်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း နွေစပါးစိုက်စိုက်ပျိုးလျက်ရှိသည့် တောင်သူတစ်ဦးထံမှ သိရသည်။

နွေစပါးအဖြစ် မုရင်းစပါးကို အဓိကထား စိုက်ပျိုးကြပြီး လျှပ်စစ်မြစ်ရေတင်ရေပေးဝေနိုင်သည့် ဓမ္မသတ်ကျေးရွာတွင် နွေစပါး (မုရင်း) စိုက်ဧက ၄၀၀ ကျော် အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



ဓမ္မသတ်မြစ်ရေတင်စီမံကိန်းမှရေပေးဝေသွားမည့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန်လည်း တာဝန်ရှိသူများက စီစဉ်ဆောင်ရွက် ပေးလျက်ရှိပြီး ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ရေအသုံးချမည့် တောင်သူများ ရေအပြည့်အဝရရှိပြီး စပါးအထွက်နှုန်းကောင်းစေရန်နှင့် သီးနှံများအောင်မြင်ဖြစ်ထွန်းစေရန်အတွက် ရေပေးဝေမည့်မြောင်းများ ကောင်းမွန်စေရန် ဆောင်ရွက်ထားရှိကြောင်း နွေစပါးစိုက်တောင်သူ ဦးစောအုန်းထံမှ သိရသည်။

ချိုမြတ်မြတ်ထွေး
(ကျိုက်မရော)

# စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် သဘာဝမြေသြဇာ ဘိုကာရှီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သင့်

**ရန်ကုန် ဇန်နဝါရီ ၉**

သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးကြသော ပြည်သူများအနေဖြင့် နေ့စဉ်မီးဖိုချောင်စွန့်ပစ်ပစ္စည်းများ၊ သစ်ရွက်ခြောက်များနှင့် ခြံထွက်အမှိုက်သရိုက်များမှတစ်ဆင့် အကောင်းဆုံး သဘာဝမြေသြဇာ ပြုလုပ်သည့်နည်းဖြစ်သော ဘိုကာရှီစနစ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အသိပေးထုတ်ပြန်ထားသည်။

“လေထုအရည်အသွေးကို ညစ်ညမ်းစေတဲ့ အဓိကအကြောင်းအရင်းက သစ်ရွက်ခြောက်နဲ့ အမှိုက်သရိုက်တွေကို နေ့စဉ်မီးရှို့နေတာကြောင့်ဖြစ်ပြီး ထွက်ရှိတဲ့မီးခိုးငွေ့က လူထုကျန်းမာရေးအတွက် ထိခိုက်စေနိုင်တာကို သတိပြုကြစေလိုပါတယ်။ သစ်ရွက်ခြောက်တွေကို မီးမရှို့တော့ဘဲ လူမှုပတ်ဝန်းကျင်က ထိန်းသိမ်းထားလို့ အချိန်ကြာလာတဲ့အခါမှာ ဒီအမှိုက်တွေကို ဘယ်သူက လာသိမ်းဆည်းပေးမလဲဆိုတာမျိုးတွေကလည်း ပြောစရာ ဖြစ်လာပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေနဲ့ On Call စနစ်နဲ့ သိမ်းဆည်းမယ်ဆိုရင်လည်း ထိုက်သင့်တဲ့ အခကြေးငွေကိုတော့ ပြည်သူတွေက ပေးကြရမှာလေ။ ဒါကလည်း အဆင်ပြေတဲ့ အိမ်ထောင်စုတွေအတွက် ပြဿနာမရှိဘူးဆိုပေမယ့် အဆင်မပြေတဲ့ အိမ်ထောင်စုတွေအတွက် ကျပြန်တော့လည်း အခက်အခဲဖြစ်စေပါတယ်။ ဒါကြောင့်မို့ အဆင်ပြေတဲ့ အိမ်ထောင်စုပဲဖြစ်ဖြစ်၊ အဆင်မပြေတဲ့ အိမ်ထောင်စုပဲဖြစ်ဖြစ် မိမိနဲ့မိသားစုဝင်တွေ ကျန်းမာရေး ကောင်းမွန်စေဖို့နဲ့ ကမ္ဘာလောကကြီး သာယာလှပစေဖို့အတွက် သစ်ရွက်ခြောက်တွေနဲ့ ခြံထွက်အမှိုက်သရိုက်တွေကို မီးမရှို့ကြတော့ဘဲ မြေဆွေးပြုလုပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်”ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦးက ပြောသည်။

**ကျန်းမာရေးထိခိုက်နိုင်**

ဆောင်းတွင်းကာလ အအေးလွန်ကဲသည့်အခါတွင် သစ်ရွက်ခြောက်များနှင့် ခြံထွက်အမှိုက်သရိုက်များအား မီးရှို့ခြင်းမှာ မြန်မာ့ဓလေ့နှင့် ယခုခေတ် လူနေမှုစနစ်တွင်ဖြစ်ပေါ်နေသည့် ပြဿနာရပ်များဖြစ်ပြီး လေထုအရည်အသွေးကို ညစ်ညမ်းစေသည့် အဓိကအကြောင်းအရင်းမှာ သစ်ရွက်ခြောက်နှင့် အမှိုက်သရိုက်များကို နေ့စဉ်မီးရှို့ဖျက်ဆီးနေခြင်းများကြောင့်သာဖြစ်ကြောင်း၊ သစ်ရွက်ခြောက်များကြွေသည့် ဆောင်းရာသီကာလ သစ်ရွက်ခြောက်နှင့် အမှိုက်သရိုက်များအား နေ့စဉ် မီးရှို့ဖျက်ဆီးခြင်းကြောင့် ထွက်ရှိလာသည့် မီးခိုးငွေ့များမှတစ်ဆင့် ကျန်းမာရေးထိခိုက်နိုင်သည်ကို ပြည်သူများအနေဖြင့် ဂရုမပြုမိကြကြောင်း၊ ယခုအခါ လေထုအရည်အသွေးသည် ပြည်သူလူထုတိုင်း၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် အနီရောင်အဆင့်သို့ ရောက်ရှိလာနေပြီဖြစ်သောကြောင့် အဆိုပါ ပြဿနာရပ်များအားလုံးအတွက် အဆင်ပြေစေမည့်နည်းလမ်းဖြစ်သော ဘိုကာရှီစနစ်(သစ်ရွက်ခြောက်များကိုမီးမရှို့ဘဲ မြေဆွေးပြုလုပ်သည့်စနစ်)ကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြပြီဖြစ်ကြောင်း ပညာရှင်က ထပ်လောင်း တိုက်တွန်းအကြံပြုပြောကြားခဲ့သည်။



အဆိုပါ ဘိုကာရှီစနစ် ပြုလုပ်ရန်အတွက် သံဆန်ခါ၊ သစ်သား၊ အမှိုက်ခြင်း၊ ဝါးကပ် အစရှိသည့် မည်သည့်ပစ္စည်းကိုမဆို အသုံးပြုနိုင်ပြီး ယင်းပစ္စည်းတစ်ခုခုဖြင့် သစ်ရွက်ခြောက်ထည့်ရန် နေရာပေးနိုင်သည့် သိုလှောင်ကန်သဘောမျိုး ပြုလုပ်ကာ သစ်ရွက်ခြောက်များ ထည့်၍ ရေလောင်းပြီး သိုလှောင်ကန်အတွင်း ဖိသိပ်ထည့်ပေးထားရကြောင်း၊ သိုလှောင်ကန်များပါက အလှည့်ကျ ဖိသိပ်ထည့်ပေးရုံမျှသာ ပြုလုပ်ရသောကြောင့် သစ်ရွက်ကြွေသည့် ကာလ တစ်လျှောက် အမှိုက်ကန်အခြေအနေပေါ်မူတည်၍ သစ်ရွက်ခြောက်များ ထိန်းသိမ်းသွားရန်အတွက်ကိုပါ အဆင်ပြေစေကြောင်း၊ သုံးလ(သို့မဟုတ်) လေးလတာကာလကြာပြီး နောက်ပိုင်းတွင် သစ်ရွက်ခြောက်များမှာ မြေဆွေးအဖြစ်သို့ ပြောင်းလဲလာသောကြောင့် ယင်းမြေဆွေးကို ဖြည့်စွက်မြေသြဇာ (နွားချေး၊ ကြက်ချေး)တို့နှင့် ရောနှော၍ အပင်စိုက်ရာတွင် ပြန်လည်အသုံးပြုနိုင်ကြောင်း၊ ယင်း ဘိုကာရှီနည်းစနစ်ကြောင့် အနီးပတ်ဝန်းကျင်၏ ပြစ်တင်ပြောဆိုခြင်းကိုလည်းမခံရတော့ဘဲ သစ်ရွက်ခြောက်များ စွန့်ပစ်ရန်အတွက်ကိုပါ ပူပန်မှုမရှိရတော့သည့်အပြင် ကမ္ဘာမြေအတွက်ကိုပါ အထိုက်အလျောက် ကူညီပြီးသားဖြစ်သောကြောင့် သစ်ရွက်ခြောက်များနှင့် ခြံထွက်အမှိုက်များအား မီးရှို့ရန်မလိုအပ်တော့ကြောင်း သိရသည်။

**လေထုညစ်ညမ်းမှုကြောင့်**

၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ လူဦးရေ ၄၅၀၀၀ သေဆုံးမှုမှာ လေထုညစ်ညမ်းမှုကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်၏ စစ်တမ်းများက ဆိုထားသောကြောင့် ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သည့် သန့်ရှင်းသော လူနေရပ်ဝန်းတစ်ခုကို တည်ဆောက်နိုင်သော ဘိုကာရှီစနစ်(သစ်ရွက်ခြောက်များကို မီးမရှို့ဘဲ မြေဆွေးပြုလုပ်သည့်စနစ်)ကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

■

# ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ၌ မိသားစုတစ်နိုင်တစ်ပိုင် ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ဘားအံ ဇန်နဝါရီ ၉**

ကရင်ပြည်နယ် ဘားအံမြို့ ကော့လှိုက်ကျေးရွာတွင် မိသားစုတစ်နိုင်တစ်ပိုင် လယ်ယာမြေများ၌ မိုးသီးနှံများစိုက်ပျိုးပြီး သီးထပ်အဖြစ် ဆောင်းသီးနှံဖြစ်သော မြေပဲများစိုက်ပျိုးထားလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆောင်းမြေပဲများကို တန်ဆောင်းမုန်းလဆန်းတွင် စိုက်ပျိုးကြပြီး မြေပဲများကို အဖြူဆန်၊ အနီဆန်ဟူ၍ နှစ်မျိုးခွဲပြီး စိုက်ပျိုးကြသည်။ မြေပဲတစ်ကေလျှင် အပင်ရေ တစ်သိန်းကျော် ဝင်ဆံ့အောင် စိုက်ပျိုးကြကြောင်း၊ မြေပဲအနီ တစ်ဧက တင်း ၈၀ နှင့် မြေပဲအဖြူ တစ်ဧက တင်း ၁၂၀ အထိရရှိကြောင်း၊ ဆောင်းမြေပဲများ စိုက်ပျိုးပြီး ၁၀ ရက်ကြာလျှင် ပေါင်းသင်ခြင်းလုပ်ငန်း ဆောင်ရွက်ကြပြီး အပင်မှအပွင့်ပွင့်ချိန်တွင် ကျောက်မှုန့်မြေသြဇာ(အိတ်ဝက်)ကို အပင်ခြေတွင်ထည့်ပြီး ပေါင်းလုံးပေးခြင်း၊ ကျောက်မှုန့်ထည့်သည့်အချိန်ကာလသည် နောက်ဆုံးပေါင်းရှင်းပြီးကာလနှင့် အစိုဓာတ်ရှိစေရန်သတိပြုရကြောင်း၊ မြေပဲပင်တွင် သက်တမ်းပြည့်ပါက အရွက်များဝါလာပြီး ထိုသို့အရွက်များဝါလာပါက ရိတ်သိမ်းပြီး မြေပဲတောင့်များကို နေလှန်းအခြောက်ခံရကြောင်း၊ မြေပဲများ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ စိုက်ပျိုးစရိတ်



ငွေကျပ် ၁၅၀၀၀၀ ကုန်ကျပြီး ရောင်းချသည့်အချိန်တွင် ငွေကျပ် ၁၂၀၀၀၀၀ အထိ ရရှိသည့်အတွက် မြေပဲကို အများဆုံးစိုက်ပျိုးကြကြောင်း ကော့လှိုက်ကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးအောင်ကိုကိုထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ) ချေးငွေထုတ်ချေးနိုင်ရေးဆွေးနွေးပွဲနှင့် ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြောဆောင်ရွက်

**မင်းဘူး ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ပွင့်ဖြူမြို့နယ် ဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းက ဇန်နဝါရီ ၇ ရက်တွင် မင်းဘူးမြို့နယ်(စကု) နန်းတော်ကုန်းကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ)ချေးငွေ တတိယအကြိမ် ပြန်လည်ထုတ်ချေးနိုင်ရေး ချေးငွေအတည်ပြုချက် ဆွေးနွေးဆောင်ရွက်ခြင်းနှင့် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ငဖဲမြို့နယ် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(နတ်ရေကန်)တွင် ကော်ဖီနှင့် အခြားအရိပ်ရပျိုးပင်ပေါင်း ၈၀၀၀၀ ပျိုးထောင်ထားရှိ

**ငဖဲ ဇန်နဝါရီ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(နတ်ရေကန်)သည် တောင်ပေါ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးနိုင်ရန်အတွက် ကော်ဖီခြံပျိုးဥယျာဉ်တွင် ကော်ဖီနှင့် အခြားအရိပ်ရပျိုးပင်ပေါင်း ၈၀၀၀၀ ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါ ပျိုးဥယျာဉ်တွင် ကော်ဖီပင် ၅၀၀၀၀၊ မျောက်ငိုပင် ၁၀၀၀၀၊ မက္ကတေးမီးယားပင် ၁၀၀၀၀ နှင့် ထောပတ်ပင် ၁၀၀၀၀ စုစုပေါင်း ပျိုးပင် ၈၀၀၀၀ ကို ပျိုးထောင်ထားရှိပြီး တောင်ပေါ်ဒေသ ကော်ဖီစိုက်တောင်သူများ မိုးအမီစိုက်ပျိုးနိုင်ရေးအတွက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် တောင်သူများအား ကော်ဖီပင် မျိုးဆန်း/မျိုးကွဲများ စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း သီးသန့်ပျိုးထောင်ထားရှိကြောင်း ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းထံမှ သိရသည်။

ငဖဲမြို့နယ် တောင်ပေါ်ဒေသ(နတ်ရေကန်)တွင် ၂၀၁၂ ခုနှစ်မှစတင်၍ အာရေဗီးကားကော်ဖီမျိုးကို စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧက ၄၀ နှင့် ပုဂ္ဂလိက တောင်သူစိုက်ဧက ၁၀၀၁ ဧကကျော် စုစုပေါင်း ၁၀၄၁ ဧကကျော် စိုက်ပျိုးကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့ နွယ်ဝင်သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်း သူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေး စခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်း များအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်း နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့ များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိသည်။

**ကာကွယ်ဆေး ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်း မြို့နယ်၌ ဒေသခံပြည်သူ ၁၄၄၀၊ တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံ ပြည်သူ ၄၃၂၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၆၈၃ ဦး၊ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နှင့် ကျောက်ဖြူ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၂၁၀၊ ပဲခူး တိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များ က ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံ ပေးသည်။

**ကျောင်းသား ကျောင်းသူ ၅၁၂ ဦး**

ထို့အတူ ကျောင်းသား ကျောင်းသူ များကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၁၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့ များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**





## မုဒုံမြို့၌ ကိုဗစ်-၁၉ မျိုးကွဲသစ် အိုမီခရွန်ရောဂါပိုးကာကွယ်ရေး အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်

**မုဒုံ ဇန်နဝါရီ ၉**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် ရောဂါပိုး ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များ၌ အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခဲ့သည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုး ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကျိုက်လတ် ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွား မှု လျော့ကျစေရေး၊ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုး ကြိုတင်ကာကွယ် ရေး ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာတွင် ပူးပေါင်းပါဝင်နိုင်ရေး အသိပညာပေးနှိုးဆော်ခြင်းတို့ကို ကျိုက်လတ် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယနေ့နံနက် ၉ နာရီက မြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ကြေညာခဲ့ကြသည်။

**ဌေးဌေးလှိုင်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့်ဆေးဝါးများ၏ ပေါက်ဈေးများ

(၉-၁-၂၀၂၂)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**



# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၉**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိဇေယျာမင်္ဂလာပရိယတ္တိစာသင်တိုက်၊ မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာရှိ ဘန့်ဘွေးကုန်းကျောင်းတိုက်နှင့် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာရှိ အရှေ့ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နဲ့ကြိုးကျောင်းပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သမိုင်းတန်ဖိုးကြီးမားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ကျောက်ပန်းတောင်းမြို့နယ် သံဘိုရွာသို့ ကျောက်ဖြစ်ရုပ်ကြွင်းဝါသနာရှင်၊ ပညာရှင်များလာရောက်လေ့လာနိုင်

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာမှ မြောက်ဘက် ၁ မိုင် ၅ ဖာလုံခန့်အကွာ၊ ပုပ္ပားဂေါက်ကွင်းမှ အနောက်ဘက် ၁ မိုင် ၁ ဖာလုံခန့်အကွာတွင် ပုပ္ပားအုပ်စု သံဖိုချောင်းဖျားကျေးရွာနှင့် သံဖိုအုပ်စု သံဘိုအလယ်ရွာ၊ သံဘိုရွာသစ်တို့တွင် နှစ်သက်တမ်းများစွာက တည်ရှိခဲ့သည့်ကြီးမားသည့် အင်ကြင်း ကျောက်ဖြစ်ရုပ်ကြွင်းနှင့် သံချက်ဖိုများအား ရပ်ရွာအခြေပြုခရီးစဉ်ဒေသဖြစ်နိုင်၊ မဖြစ်နိုင်နှင့် တိုင်းရင်းဆေးရွာလုံးကျွတ် ထုတ်လုပ်ရောင်းချနေမှုများအား လေ့လာနိုင်ရန် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံဌာနခွဲရုံးမှ ဦးမျိုးမင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာသို့ သွားရောက်လေ့လာခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အင်ကြင်းကျောက်နှင့် အခြားကျောက်များ တရုတ်နိုင်ငံဝယ်လက်ကြောင့် အင်ကြင်းကျောက်ရှာဖွေရောင်းချသူများ သစ်တောနှင့် ထိစပ်သည့်ကျေးရွာများတွင် အမြောက်အမြားတွင်ကျယ်ခဲ့ရာ သံဘိုရွာသည်လည်း တစ်ရွာအပါအဝင်ဖြစ်ခဲ့ကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

ယခု တူးဖော်တွေ့ရှိထားသည့် အင်ကြင်းကျောက်ဖြစ် ရုပ်ကြွင်းကျောက်ကြီးသည်လည်း မြေအနက် ၁၇ ပေခန့်တွင် အလျား ၇၄ ပေ တူးဖော်တွေ့ရှိထားပြီး ဆက်လက်တူးဖော်ရန်လည်း ကျန်ရှိနေသေးကြောင်း၊ အကုန်မတူးရသေးသည့်အတွက် အလျားအရှည်မည်မျှရှိမည်ကို ခန့်မှန်းမရသေးကြောင်း၊ လုံးပတ်ခြောက်ပေ ခုနစ်လက်မရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးက ရှင်းပြသည်။

သံဘိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးသည် ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်း၊ ပရိုင်းမိတ်ဟု ယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်း အမျိုးအမည် ၁၀၀ ခန့် စုဆောင်းရရှိထားသော်လည်း ခုနစ်မျိုးသာ သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သံဘိုရွာသို့လာရောက်သည့် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ခန့်မှန်းပေးခဲ့ကြောင်း သိရသည်။

တွေ့ရှိထားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း သမင်ချို၊ ဆင်အံအောက်မေးရိုး၊ လိပ်ကျောခုံးကျောက်ဖြစ်ရုပ်ကြွင်း၊ နွားအရိုးကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ပခုက္ကူခရိုင် မြိုင်မြို့နယ် ဗဟင်းကျေးရွာအနီးတွင် တွေ့ရသော ပုံတောင်ပရိုင်းမိတ်နှင့်တူသော နှစ်သန်းပေါင်း ၄၀၀၀ ကျော်ခန့်ရှိ လူသားမျိုးနွယ်အစဟု ယူဆရသည့် ပုံစံတူအမျိုးအမည်မသိ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း တွေ့ရှိခဲ့ရပြန်သည်။ ထိုသံဘိုကျေးရွာသည် ပုပ္ပားတောင်မကြီး ကိုးကွေ့သစ်တောကြိုးဝိုင်းနှင့် ကပ်လျက်တည်ရှိကာ အင်ကြင်းကျောက်များစွာ ထွက်ရှိကြောင်း၊ ကုန်းနေ၊ ရေနေသတ္တဝါများ စုံလင်စွာနေထိုင်ခဲ့သည့် အရပ်ဒေသဖြစ်ခဲ့သည်များလားဟု သံဘိုကျေးရွာသို့ လာရောက်သည့် ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်များက မှတ်ချက်ပြုခဲ့ကြောင်း ဦးမောင်မောင်စိုးက ရှင်းပြသည်။

သံဘိုချောင်းဖျားကျေးရွာ အရှေ့ဘက် မန်ကျည်းတောအတွင်း ပုဂံမင်းအဆက်ဆက်အား လက်နက်ဆက်သရသည့် သံချက်ဖိုအမြောက်အမြားရှိနေသေးပြီး သံချေးခဲများ၊ သံချက်ဖိုများ အနီးတွင် တွေ့ရှိခဲ့ရသည်။ အဆိုပါ သံချက်ဖိုများတည်ရှိရာ မန်ကျည်းတောတွင် နတ်ကွန်းတစ်ခုရှိပြီး သတိုးမင်းခေါင်နတ်ဖြစ်ကြောင်း၊ ရွာရှိသက်ကြီးများလည်း သံချက်ဖိုများအကြောင်း ရှင်းမပြနိုင်ကြပေ။

သံဘို ချောင်းဖျားကျေးရွာတွင် တိုင်းရင်းဆေးလုပ်ငန်း လုပ်ကိုင်ကြပြီး ပုပ္ပားဒေသထွက် ဆေးမြစ်၊ ဆေးဥမျိုးစုံကြိတ်ကာ တံဆိပ်အမျိုးမျိုးဖြင့် ပုပ္ပား၊ တောင်ကလပ်သို့ ဘုရားဖူးလာရောက်သည့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများကို တိုင်းရင်းဆေးထုတ်လုပ်ရောင်းချသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း၊ အခါအခွင့်သင့်ပါက ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာသို့ လေ့လာသင့်ကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဦးမျိုးမင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး)က ရှင်းလင်းပြောကြားခဲ့သည်။

**ကိုထိန်**



ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ စာတည်း





# သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာန၌ အခြေခံဂီတာတီးသင်တန်းဖွင့်လှစ်

**သံတွဲ ဇန်နဝါရီ ၉**

သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာန၌ အခြေခံဂီတာတီးသင်တန်းကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီမှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်ရခြင်းမှာ သံတွဲမြို့နယ်ရှိ ရွက်ပုန်းသီးအနုပညာရှင်များ ပေါ်ထွက်လာရေး၊ ဂီတာဝါသနာရှင်များ ဂီတာကိုကျွမ်းကျင်စွာ အခြေခံမှစတင်၍ စနစ်တကျ တီးခတ်နိုင်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Youth Club တို့ပူးပေါင်း၍ သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန Art Space ခန်းမတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ဂီတာဝါသနာရှင် အမျိုးသားနှင့် အမျိုးသမီး စုစုပေါင်း ၂၀ အား တစ်ပတ်လျှင် (စနေ၊ တနင်္ဂနွေ) နှစ်ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ သုံးလကြာ ဖွင့်လှစ်၍ သင်တန်းဆရာ ကိုချမ်းမြေ့ဟိန်းက အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

လူမှု ဘဝ

# ကမ္ဘာကျော် DELL ကွန်ပျူတာ CEO ၏ အောင်မြင်မှုနည်းစနစ်များ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

**"ကျွန်ုပ်တို့၏ဖောက်သည်များသည် စိတ်ကူးဉာဏ်ကွန့်မြူးခြင်း၏ ပုံသေအရင်းအမြစ်တစ်ခုဖြစ်သည်။ သူတို့သည် ကျွန်ုပ်တို့အောင်မြင်မှု၏ အခြေခံများဖြစ်သော အိုင်ဒီယာများ၊ တုံ့ပြန်မှုများနှင့်အတူ ကျွန်ုပ်တို့ကို ကူညီပံ့ပိုးခဲ့ပြီးဖြစ်သည်။"**

**မိုက်ကယ်ဒဲလ်**
**(Michael Dell)**


မိုက်ကယ်ဒဲလ်သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးကွန်ပျူတာ၊ ကွန်ပျူတာစနစ်များကုမ္ပဏီ၏ ဒုဥက္ကဋ္ဌဖြစ်ပြီး အမှုဆောင်အရာရှိချုပ် (CEO) လည်းဖြစ်သည်။

Fortune မဂ္ဂဇင်းကြီးက ၁၉၉၂ ခုနှစ်တွင် ရွေးချယ်သော " Fortune 500 " စာရင်းတွင် အသက်အငယ်ဆုံး CEO ဖြစ်လာခဲ့သည်။ မိုက်ကယ်ဒဲလ်သည် ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum) ဘုတ်အဖွဲ့ ဖောင်ဒေးရှင်းတွင် ပါဝင်ဆောင်ရွက်နေသည်။ ယင်းဘုတ်အဖွဲ့သည် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းကောင်စီ (International Business Council)၏ အလုပ်အမှုဆောင်ကော်မတီဖြစ်သည်။

သူသည် အမေရိကန် စီးပွားရေးလုပ်ငန်းကောင်စီ၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ သူသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အမေရိကန်သမ္မတ၏ အကြံပေးကောင်စီတွင်လည်း ပါဝင်ဆောင်ရွက်နေသည်။ ထို့ပြင် သူသည် အိန္ဒိယနိုင်ငံ ဟိုက်ဒါအေဘက်ဒ် (Hyderabed) အိန္ဒိယ စီးပွားရေးလုပ်ငန်း ကျောင်း၏ ဘုတ်အဖွဲ့စီမံအုပ်ချုပ်ရေး၌ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မိုက်ကယ်ဒဲလ်သည် အသက် ၁၉ နှစ်အရွယ်တွင် ဒေါ်လာ ၁၀၀၀ နှင့် တက္ကဆက်တက္ကသိုလ်တွင် ကျောင်းသားသစ်အဖြစ် တက်ရောက်နေစဉ် သူ့ကုမ္ပဏီကို စတင်ထူထောင်ခဲ့သည်။ ထိုစဉ်ကတည်းက သူသည် စက်မှုလုပ်ငန်း ပါဝါဟောက်စ်ကို တည်ဆောက်ခဲ့သည်။ ဒဲလ်သည် သူ့ကလေးဘဝ စွန့်စားခန်းတွင် အတက်အကျများစွာ ကြုံခဲ့ရသည်။ သူလျှောက်လှမ်းခဲ့သောလမ်းတွင် အမှားများကြုံတွေ့ခဲ့ပြီး တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများရရှိခဲ့သည်။

ဒဲလ်သည် ၁၉၉၀ ပြည့်လွန်ကာလ၏ ဆယ်စုနှစ်တွင် ကမ္ဘာ့ထိပ်တန်း ၂၅ နေရာအဆင့်ရှိ ကွန်ပျူတာကုမ္ပဏီဖြစ်လာခဲ့သည်။ ဒဲလ်သည် ပြန်လည်ရောင်းချသူများရှိရာ နိုင်ငံတကာဈေးကွက်သို့ ပစ်မှတ်ထားခဲ့သည်။ ဒဲလ်၏ တိုက်ရိုက်စီးပွားရေးလုပ်ငန်း မော်ဒယ်ပုံစံကို စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကန့်သတ်ထားသော အခြားနည်းလမ်းတစ်ခုအနေဖြင့် ရှုမြင်ခဲ့ကြသည်။




မျက်မှောက်ကာလတွင် ၁၉၉၀ ပြည့်နှစ်ကရှိခဲ့သော ထိပ်တန်းကုမ္ပဏီ ၂၅ ခုအနက် ၁၇ ခုမှာ မရှိတော့ချေ။

သို့သော် ဒဲလ်သည် အမေရိကန်တွင် နံပါတ်တစ်နေရာသို့ ရောက်ရှိခဲ့သည်။ တစ်ကမ္ဘာလုံးတွင် ဒုတိယအကြီးဆုံးကုမ္ပဏီ ဖြစ်နေသည်။ ဒဲလ်သည် နိုင်ငံပေါင်း ၁၇၀ တွင် အော်ပရေးရှင်းပြုလုပ်ခဲ့သည်။

ဒဲလ် ဖန်တီးလိုက်သော "တိုက်ရိုက်"(Direct) ရောင်းချနည်းသည် စီးပွားရေးပြုလုပ်ရာတွင် နှစ်လိုဖွယ်ရာကောင်းသော နည်းလမ်းအနေဖြင့် ကျယ်ပြန့်စွာ အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ သို့ရာတွင် စီးပွားရေးလုပ်ရန် အကောင်းဆုံးနည်းလမ်းအနေဖြင့် ယင်း Direct နည်းကို အသိအမှတ်ပြုခြင်းသည် ကွန်ပျူတာလုပ်ငန်းတွင် ကန့်သတ်မှုမရှိချေ။ ဘဏ်လုပ်ငန်း၊ မော်တော်ကားလုပ်ငန်းနှင့် ဆေးဝါးလုပ်ငန်းစသော စက်မှုလုပ်ငန်းများမှ အလုပ်အမှုဆောင်အရာရှိချုပ်များက သူတို့၏ အရေးအကြီးဆုံး မဟာဗျူဟာဆိုင်ရာ စိန်ခေါ်မှုသည် သူတို့ကုမ္ပဏီများကို ပိုမိုတိုက်ရိုက်ပြုလုပ်ရန်ဖြစ်သည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ပါနည်း။ အဖြေက ရှင်းပါသည်။ အကျိုးအမြတ်အနေဖြင့် ရှင်းရှင်းလင်းလင်းရှိသည်။

ဖောက်သည်များသည် အော်ဒါမှာယူပြီး ထုတ်လုပ်သူထံမှ ကုန်ပစ္စည်းများ (သို့) ဝန်ဆောင်မှုလုပ်ငန်းများကို တိုက်ရိုက်ရရှိကြသည်။ ထုတ်လုပ်သူများကလည်း တိကျသော စံချိန်စံညွှန်းများအတိုင်း ပြုလုပ်ကြသည်။ အဖွဲ့အစည်းများအနေဖြင့် အမြင့်မားဆုံး စွမ်းဆောင်ရည်ဖြင့် လုပ်ငန်းဆောင်ရွက်ကြသည်။


ဒဲလ်သည် စီးပွားရေးလုပ်ရာတွင် ဖောက်သည်ထံသို့ တိုက်ရိုက်ရောက်ရှိနည်းကို အာရုံစိုက်သည်။ စီမံခန့်ခွဲမှု အခြေခံသဘောတရားများကို အာရုံစိုက်သည်။ ဒဲလ်၏အောင်မြင်မှုသည် နည်းပညာလုပ်ငန်းတွင် ကျယ်ပြန့်သောပြောင်းလဲမှုခြေလှမ်းကို ရောင်ပြန်ဟပ်သည်။ အင်တာနက်သည် နည်းပညာလုပ်ငန်းမှ အခြားလုပ်ငန်းအားလုံးအထိ တွေ့ကြုံခဲ့ရသော ပြောင်းလဲမှုခြေလှမ်းကို ယူဆောင်ခဲ့သည်။

ဒဲလ်၏ တိုက်ရိုက်စီးပွားရေးလုပ်ငန်းပုံစံသည် အွန်လိုင်းပေါ်တွင် ရွေ့လျားသောစီးပွားရေးလုပ်ငန်းအနေဖြင့် သဘာဝကျသော အားသာချက်ကိုလည်း ပေးစွမ်းသည်။ အကြောင်းမှုကား ဖောက်သည်များနှင့် တိုက်ရိုက်ဆက်သွယ်မှု အစဉ်ရရှိသောကြောင့်ဖြစ်သည်။ အင်တာနက်တော်လှန်ရေးအတွက် စည်းမျဉ်းများကို မည်သည့်ကုမ္ပဏီမဆို၊ စက်မှုလုပ်ငန်းမဆို အသုံးချနိုင်သည်ဟု ဒဲလ်က ယုံကြည်ထားသည်။

ကုန်ထုတ်လုပ်သူများနှင့် ပစ္စည်းပေးချင်သူများ၊ ကုန်ထုတ်လုပ်သူများနှင့် ဖောက်သည်များအကြား တိုးတက်မှုရရှိနေသော စရိတ်များနည်းပါးစေရန် အင်တာနက်ကို အသုံးပြုနိုင်သည်။ ယင်းအချက်က ယခင်ကထက်စာလျှင် ဈေးကွက်သို့ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပိုမိုလျင်မြန်စွာရောက်ရှိရန် စွမ်းဆောင်ပေးနိုင်သည်။

စွမ်းဆောင်ရည်နှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းသည် ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ အရေးပါသကဲ့သို့ အရေးပါလိမ့်မည်ဖြစ်သည်။ ဖောက်သည်များ လွယ်လင့်တကူ ဝယ်ယူနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

ယင်းတို့သည် ကမ္ဘာကျော် DELL ကွန်ပျူတာ၏ CEO ဖြစ်သူ "မိုက်ကယ်ဒဲလ်" ၏ အောင်မြင်မှုနည်းစနစ်များအဖြစ် လူသိများ ကျော်ကြားလျက်ရှိသည်။ ။




ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

## ကဗျာ

# ဤနံနက်

မဲမဲညိုညို၊ မိုးတခိုမှ
ယိုယိုစွဲစွဲ၊ ရောင်ရဲရဲနှင့်
ဖောက်ခွဲနှင်းမြူ၊ ထွက်ခဲ့ပြုသည်
နေပူလာစ နံနက်ကို။
ထုံရည်နှင်းဆွတ်၊ ဝင်းဝင်းမွတ်သည့်
ပန်းထွက်ပန်းညက်၊ နုပန်းခက်ကား
ထွက်စ ရောင်မှုန်၊ နေအရုဏ်သို့
ဖူးငုံကျစ်လျစ်၊ ပွင့်ချပ်လှစ်လျက်
ဝင်းသစ်ရောင်လျှမ်း၊ ပင်ယံနန်းမှ
နှုတ်ခွန်းဆက်ကာစလျက်ကို။
သာသာတွဲ့တွဲ့၊ သံနွဲ့နွဲ့နှင့်
ပြုံပြုံ တလီ၊ သဲ့သဲ့ သီသည့်
နေခြည်ရိပ်လှုံ၊ ကျေးငှက်စုံကား
ငုံရာမှပွင့်၊ သရေတင့်သည့်
ပန်းမင်းအထွတ်၊ ပန်းတမွတ်နှင့်
ကင်းလွတ်နှောင်ထွေ၊ ထောင်ရောင်နေသို့
နှုတ်ခြွေကာမေး၊ ညွှသံပေးသည်
တွန်ကြွေးကြော်သံ ညံလျက်ကို။ ။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ဓမ္မ ပုံပြင်

# အသပြာငါးရာ အမှု

**မင်းယုဝေ**

**တတိယ** နေ့သို့ရောက်သောအခါဘေဒက မင်းကြီးသည် ထုံးဟောင်း ပုံပြင်ထူးကို ကြားနာလိုသောဆန္ဒ ဖြစ်ပေါ်လာပြန်သည်။ ထို့ကြောင့် လုလင်ကို ရှေ့တော်သို့ ခေါ်စေသည်။

လုလင်လည်း အဝတ်အစားကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်လျက် ဘုရင့်ထံပါးသို့ အခစားဝင်လာသည်။

လုလင်ကို မြင်သော် ဘုရင်က... "အမောင် မနေ့က ထုံးဟောင်းပုံပြင်ထူးတစ်ပုဒ်ကို သင်လျှောက်ထားသည်မှာ တော်ပါပေသည်။ ယနေ့ အခြားထုံးဟောင်းပုံပြင်ထူးတစ်ပုဒ်ကို ထပ်မံဆိုပါဦးလော့"ဟူ၍ မိန့်တော်မူသည်။

ဤတွင် လုလင်က... "အရှင်မင်းမြတ်၊ အရှင့်ဘေးလောင်းတော် မဟာသမ္မတမင်း လက်ထက်တွင် အမျိုးညံ့သော်လည်း ဉာဏ်ပညာရှိသဖြင့် သူဆင်းရဲမငယ်အား မိဖုရားမြှောက်ခဲ့ဖူးပါသည်။ ထိုအကြောင်းကိုကြားဖူးတော်မူပါသလော"ဟူ၍ လျှောက်၏။

ဘုရင်က... "အမောင် ထိုအကြောင်းကို ငါ မကြားဖူးသေးပါ။ ထင်စွာဆိုပါလော့" ဟူ၍ ဆိုလေသည်။

ထိုအခါ လုလင်က သာယာချောင်စွာဖြင့် ဤသို့ လျှောက်ထားလေသည်။

"အရှင်မင်းမြတ်၊ အရှင့်ဘေးလောင်းတော် မဟာသမ္မတမင်းလက်ထက်တွင် ပုဏ္ဏား ခုနစ်ယောက်ရှိပါသည်။ ထိုပုဏ္ဏားတို့သည် ကောင်းတူဆိုးဖက် အဆွေခင်ပွန်းဖွဲ့ကြပြီးလျှင် အမြို့မြို့အရွာရွာသို့ လှည့်လည်ကာ ဗေဒင်လက္ခဏာဟော၍ စီးပွားရှာကြပါသည်။ ရသောငွေကြေးတို့ကို စုဆောင်းထားကြရာ အသပြာငါးရာ ရှိလာပါသည်။ ထိုငွေတို့ကို ပုဏ္ဏားအချို့က ဝေယူလိုကြပါသည်။ သို့ရာတွင် အချို့ကဝေယူရန် ဆန္ဒမရှိပါ။

"ငါတို့ကား ခုနစ်ယောက် ဖြစ်သည်။ အသပြာငါးရာမျှဖြင့် ဝေယူရန်မသင့်သေး။ သည်အသပြာငါးရာကို ဥယျာဉ်သည်မထံ၌ အပ်နှံထားပြီးလျှင် အသပြာခုနစ်ရာပြည့်အောင် နောက်ထပ်ရှာဖွေသင့်သည်" ဟူ၍ ဆိုကြပါသည်။

ထိုအကြံကို အားလုံးသဘောတူသဖြင့် အသပြာငါးရာကို ဥယျာဉ်သည်မထံ အပ်နှံထားကြပါသည်။

ဤသို့ အပ်နှံရာမှ ဥယျာဉ်သည်မအား "သင်သည် ဤအသပြာငါးရာကို ကောင်းစွာသိမ်းဆည်းထားပါ။ ငါတို့ခုနစ်ယောက် စုံစုံညီညီ လာရောက်တောင်းမှ ပေးပါ။ ခုနစ်ယောက်မပြည့်ဘဲ တစ်ယောက်၊ နှစ်ယောက် လာတောင်းရုံမျှဖြင့် မပေးပါနှင့်"ဟူ၍ မှာကြားကြပါသည်။

ထို့နောက် ပုဏ္ဏားခုနစ်ယောက်တို့သည် ထွက်သွားကြပါသည်။ ထိုဥယျာဉ်သည်မအိမ်နှင့် မနီးမဝေး ခေါ်သံကြားလောက်သော အရပ်သို့ ရောက်သောအခါ ချောင်းတစ်ခုကို တွေ့ကြပါသည်။ ဤတွင် ပုဏ္ဏားတို့ ဘာသာဘာဝဦးဆေးမင်္ဂလာပြုရန် ပြင်ဆင်ကြပါသည်။ သို့ရာတွင် တရော်ကင်ပွန်းမပါသဖြင့် ပုဏ္ဏားငယ်တစ်ယောက်အား..

"ဥယျာဉ်သည်မထံသွား၍ တရော်ကင်ပွန်းတောင်းချေ"ဟု စေလိုက်ပါသည်။ ပုဏ္ဏားငယ်သည် ရိုးဖြောင့်သူမဟုတ်သဖြင့် ဥယျာဉ်သည်မထံ ရောက်လာသောအခါ တရော်ကင်ပွန်းကိုသာမက အသပြာငါးရာကိုပါ တောင်းပါသည်။

ဥယျာဉ်သည်မကလည်း "ခုနစ်ယောက် တညီတညွတ်လာမှ ပေးပါဆို၍ အပ်နှံခဲ့သည်။ ယခု တစ်ယောက်တည်းလာတောင်းသဖြင့် မပေးနိုင်"ဟု ဆိုပါသည်။

ပုဏ္ဏားငယ်က... "ကျွန်ုပ်ကို မယုံသော် ပုဏ္ဏားကြီးတို့အား ဟစ်၍မေးလော့"ဟု ဆိုပါသည်။

ဤတွင်ဥယျာဉ်သည်မက .. "အရှင်ပုဏ္ဏားကြီးတို့အပ်ခဲ့သောဥစ္စာကို ပေးလိုက်ရမည်လော"ဟု ဟစ်၍ မေးပါသည်။

ပုဏ္ဏားခြောက်ယောက်တို့ကလည်း တရော်ကင်ပွန်းကိုမေးသည် ထင်၍ "ပေးလိုက်ပါ"ဟု ဆိုကြပါသည်။

ပုဏ္ဏားငယ်က... "ကျွန်ုပ် ပြောသည်ကို ယုံပြီလော၊ ယခုပင် အသပြာငါးရာကို ထုတ်ပေးပါ" ဟု ထပ်မံပြောဆိုပါသည်။

ဤသို့ဖြင့် ဥယျာဉ်သည်မသည် ပုဏ္ဏားငယ်အား တရော်ကင်ပွန်းကို သာမက အသပြာငါးရာကိုပါ ပေးလိုက်ပါသည်။

ပုဏ္ဏားငယ်လည်း အသပြာငါးရာကို တစ်နေရာ၌ ဝှက်ထားပြီးလျှင် တရော်ကင်ပွန်းကိုသာ ပုဏ္ဏားကြီးတို့ကို ပေးပါသည်။ ထို့နောက် အားလုံးခေါင်းဆေးမင်္ဂလာပြုကြပြီးသော် ခရီးဆက်၍ သွားကြပါသည်။ ညဘက်သို့ ရောက်သောအခါ ရွာငယ်တစ်ခုတွင် အိပ်ကြပါသည်။ ထိုည၌တွင် ပုဏ္ဏားငယ်သည် တိတ်တဆိတ်ထွက်ပြေးကာ ဝှက်ထားခဲ့သော အသပြာငါးရာကို ယူပါသည်။ ထို့နောက် သင်္ဘောစီး၍ သမုဒ္ဒရာတစ်ဖက်ကမ်းသို့ကူးကာ ထွက်ပြေးသွားပါသည်။

ပုဏ္ဏားကြီးတို့သည် နံနက်မိုးသောက်သောအခါ ပုဏ္ဏားငယ်ကို မမြင်သဖြင့် မယုံသင်္ကာရှိလာကြပါသည်။ သို့ဖြင့် ဥယျာဉ်သည်မထံပြန်လာလျက် စုံစမ်းရာ ဥစ္စာတို့ကို ပုဏ္ဏားငယ်ယူပြေးကြောင်း သိရပါသည်။

ပုဏ္ဏားကြီးတို့က "ငါတို့ ခုနစ်ယောက် အစုံအညီလာရောက်တောင်းမှ ဥစ္စာကိုပေးပါဟု ဆိုခဲ့သည်။ ယခု ပုဏ္ဏားတစ်ယောက်တည်းအား ပေးလိုက်ရသလော"ဟု ဆိုပါသည်။

ဥယျာဉ်သည်မကလည်း "ကျွန်မ မယုံ၍ ဟစ်မေးပါသေးသည်။ အရှင်ပုဏ္ဏားကြီးတို့ အားလုံးက ပေးလိုက်ပါဟုဆိုသည် မဟုတ်ပါလော။ ထို့ကြောင့် ကျွန်မက ပုဏ္ဏားငယ်ကို ဥစ္စာပေးလိုက်ရသည်။ သို့ပေးသည့်အတွက် ကျွန်မ၌ တာဝန်မရှိပါ"ဟူ၍ ဆိုပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



## ပြုံး စ ရာ

### တြိဂံရဲ့ အနားသုံးနား

ဆရာ။ တြိဂံကို အဓိပ္ပာယ်ဖွင့်ဆိုပြပါ။

ကျောင်းသား။ တြိဂံမှာ အနားသုံးနား ရှိပါတယ်။ နှစ်ခုက မတ်တတ်ရပ်နေပြီး တစ်ခုက လဲလျောင်းလျက် ရှိပါတယ်။

### မပြောနဲ့လို့ မှာထားလို့ပါ

ကျောင်းအုပ်ကြီး။ မိခင်များနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကိုယ့်မိခင်အကြောင်း စာစီစာကုံးတစ်ပုဒ်စီ ရေးတင်ကြရမယ်။

ကျောင်းသူ။ သည်းခံပါ ဆရာကြီး၊ မေမေက သူ့အကြောင်းကို ဘယ်သူ့မှ မပြောနဲ့လို့ မှာထားလို့ပါ။

မာတင်ဖဲ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၅၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် **ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၅၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၃၁,၇၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၃၂,၀၆၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၀,၁၂၈) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၂၉၁) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၈-၁-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၁,၀၁၇,၀၂၆) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၆,၅၉၃,၄၄၀) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၄၂၃,၅၈၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၈-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၃၇,၆၁၀,၄၆၆) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနကအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၇၀) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၈) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၇) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁) ခု | (၅) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၉၅) ခု | (၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၉၁၁) ခု | (၁၀၃) ဦး |
| **စုစုပေါင်း** | **(၈,၈၂၂) ခု** | **(၁၃၇) ဦး** |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်မှုအခြေအနေ (၈-၁-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၄၂၃,၅၈၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၆,၅၉၃,၄၄၀) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၁,၀၁၇,၀၂၆) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၃၇,၆၁၀,၄၆၆) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၀၉၅၄၀၂၈ | ၄၂၂၁၀၇၃ | ၈၅၉၀၄၆ |
| ၂။ | အိန္ဒိယ | ၃၅၅၂၈၀၀၄ | ၃၄၄၅၃၆၀၃ | ၄၈၃၇၉၀ |
| ၃။ | ဘရာဇီး | ၂၂၄၉၉၅၂၅ | ၂၁၆၂၆၈၃၆ | ၆၁၉၉၈၁ |
| ၄။ | ပြင်သစ် | ၁၄၃၃၃၇၉၄ | ၁၀၇၂၂၃၄၂ | ၁၅၀၀၅၇ |
| ၅။ | ပြင်သစ် | ၁၁၈၁၅၁၂၁ | ၈၅၀၀၅၀၁ | ၁၂၅၃၄၈ |
| ၆။ | ရုရှား | ၁၀၆၅၀၈၄၉ | ၉၆၈၆၉၁၂ | ၃၁၆၁၆၃ |
| ၇။ | တူရကီ | ၉၉၁၆၇၂၅ | ၉၂၈၁၄၅၈ | ၈၃၅၂၉ |
| ၈။ | ဂျာမနီ | ၇၅၁၀၁၈၅ | ၆၇၁၃၁၀၀ | ၁၁၄၆၇၄ |
| ၉။ | အီတလီ | ၇၂၈၁၂၉၇ | ၅၃၂၃၅၂၃ | ၁၃၈၈၈၁ |
| ၁၀။ | စပိန် | ၇၁၆၄၉၀၆ | ၅၁၄၅၈၈၀ | ၈၉၉၃၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၆၁၉၅ | ၄၁၁၅၉၅၈ | ၁၄၄၁၂၉ |
| ၂။ | ဖိလစ်ပိုင် | ၂၉၆၅၄၄၇ | ၂၇၈၅၁၈၃ | ၅၂၁၅၀ |
| ၃။ | မလေးရှား | ၂၇၈၃၃၃၁ | ၂၇၁၁၉၀၀ | ၃၁၆၅၅ |
| ၄။ | ထိုင်း | ၂၂၆၉၅၅၀ | ၂၁၉၃၈၆၇ | ၂၁၈၂၅ |
| ၅။ | ဗီယက်နမ် | ၁၈၇၆၃၉၄ | ၁၄၈၈၀၃၈ | ၃၄၁၁၇ |
| ၆။ | မြန်မာ | ၅၃၂၀၆၂ | ၅၁၀၁၂၈ | ၁၉၂၉၁ |
| ၇။ | စင်ကာပူ | ၂၈၄၈၀၂ | ၂၇၈၄၃၃ | ၈၃၇ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၆၂၁ | ၁၁၇၀၁၄ | ၃၀၁၅ |
| ၉။ | လာအို | ၁၁၈၈၈၀ | ၁၁၁၃၅၅ | ၄၃၇ |
| ၁၀။ | ဘရူနိုင်း | ၁၅၆၃၄ | ၁၅၃၅၆ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ယင်းအချိန်တွင် ရန်ကုန်မြို့၌ လေကြောင်းကာကွယ်ရေး အစီအစဉ်များကို အကြိမ်ကြိမ် ပြုလုပ်နေသည်။ လေကြောင်းအန္တရာယ် အချက်ပေး ဥသြဆွဲလျက် သိမ်းနည်းရှောင်နည်းကို လေ့ကျင့်နေကြသည်။ ထို့ကြောင့်လည်း လူတို့စိတ်နှလုံး ပိုမိုတုန်လှုပ်ချောက်ချားရသည်။ စစ်ဖြစ်တော့မည်လော၊ စစ်သည် မကြာမီ မြန်မာပြည်သို့ ရောက်လာတော့မည်လော စသည်ဖြင့် တထိတ်ထိတ်တလန့်လန့်နှင့် ကျီးလန့်စာစား ဖြစ်နေကြသည်။

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၇ ရက်။

ဂျပန်အစိုးရသည် တစ်ဖက်က ကူရူဆူ ခေါင်းဆောင်သော သံတမန် ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့အား အမေရိကန်ပြည် ဝါရှင်တန်မြို့သို့ သံတမန်ရေးရာ ဆွေးနွေးမှုများ ပြုလုပ်ရန် ပို့လွှတ်ဆွေးနွေးဟန်ရေးပြနေစေပြီး အခြားတစ်ဖက်မှ အမေရိကန်တို့ အခိုင်အမာ တပ်စွဲထားသော အမေရိကန် ရေတပ်၊ လေတပ် အခြေခံစခန်းကြီးဖြစ်သည့် ဟာဝေယံကျွန်း ပုလဲဆိပ်ကမ်း (ပါးလ်ဟားဗား)ကို စစ်မကြေညာဘဲ လင်းအရုဏ်အချိန်၌ အလစ်ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းဖြင့် ပေါက်ကွဲလုနီးဖြစ်နေသော အရှေ့တောင်အာရှ စစ်ယမ်းအိုး စနက်တံကို မီးရှို့ ဖောက်ခွဲလိုက်လေသည်။

လက်နက်အင်အား ကောင်းလှသော အမေရိကန်တပ်များ၊ အထူးသဖြင့် အမေရိကန်ရေတပ်မှာ အငိုက်မိခံရသည်။ ပုလဲဆိပ်ကမ်းရှိ အမေရိကန်တို့၏ ပစိဖိတ်ရေတပ်ကြီးမှာ မရှုမလှနှင့် အတုံးအရုံး ဆုံးရှုံးရလေသည်။

ဂျပန်တပ်များက လေယာဉ်ပျံ အစင်း ၁၀၀၊ ရေငုပ်သင်္ဘော အငယ်စား ၅၀ ဖြင့် နံနက်မလင်းမီ ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။ တစ်ချီတည်းနှင့်ပင် အမေရိကန် စစ်ဗိုလ် စစ်သား ၂၁၁၇ ယောက် ကျဆုံးရသည်။ လေယာဉ်ပျံ ၈၀၊ ကုန်းတက် လေယာဉ်ပျံ ၉၇ စင်း ပျက်စီးဆုံးရှုံးသည်။

ထိုနေ့ညမှာပင် မလေးကျွန်းဆွယ် စင်ကာပူခံတပ်ကြီး၏ မြောက်ဘက် မိုင် ၄၀၀ အကွာ ထိုင်း(ယိုးဒယား)နှင့် မလေးကျွန်းဆွယ်အကြား ဆင်ဂိုရာအရပ်တွင် ဂျပန်စစ်တပ်များ ကမ်းသို့တက်ရောက်တိုက်ခိုက်ကြသည်။

ဂျပန်က ထိုအခါကျမှ အမေရိကန်ကို စစ်ကြေညာခြင်း ပြုသည်။ အင်္ဂလိပ် အမေရိကန်ကလည်း ဂျပန်ကို စစ်ကြေညာသည်။ အမေရိကန်က အီတလီကိုပါ တစ်ဆက်တည်း စစ်ကြေညာသည်။

အင်္ဂလိပ်က ပရင့်စ်အောဖ်ဝေးနှင့် ရီပို့လိစ်ခေါ် စစ်သင်္ဘောကြီးများကို ပစိဖိတ်သမုဒ္ဒရာသို့ လွှတ်လိုက်သည်။

"ဟောင်ကောင် ဂျပန်လက်သို့ ကျပြီ"

"စင်ကာပူ အင်္ဂလိပ်ရေတပ်စခန်းကို ဂျပန်ဝိုင်းထားပြီ"

"မာလာယုကို ဂျပန်ကြည်းတပ်မတော်က ဝင်ရောက် တိုက်ခိုက်နေပြီ" စသည်ဖြင့် သတင်းများ ဆက်တိုက်ဆိုသလို ကြားရသည်။ မြန်မာပြည် အသံလွှင့်ဌာနနှင့် အင်္ဂလိပ်အသံလွှင့်ဌာနများမှ "မဟာမိတ်တပ်များသည် အောင်မြင်စွာ ဆုတ်ခွာခဲ့လေသည်" ဟု ကြေညာရာ လူတို့သရော်လှောင်ပြောင်ကြသည်။

စင်ကာပူခံတပ်ကျပြီဟု တီးတိုးပြောသူတွေက မရှား။ ရန်ကုန်မြစ်ဝတွင် ဂျပန်ရေငုပ်သင်္ဘောများ ရောက်နေပြီဟု ဆိုသူဆို။ "အင်းကို ဟင်္သာဆင်းမည်၊ ဟင်္သာကို လေးနှင့် ခွင်းမည်။ ပုဆိုးကို ထီးရိုးရိုက်မည်။ ထီးရိုးကို မိုးကြိုးပစ်မည်" စသော တဘောင်စနည်း ဖတ်သူများက ဖတ်ကြသည်။ အမျိုးမျိုးအဓိပ္ပာယ်ကောက်ကာ နိမိတ်ဖတ်နေကြသည်။

ဂျပန်ရေဒီယိုမှ သခင်ထွန်းအုပ်၏ "အင်္ဂလိပ်နယ်ချဲ့သမားတွေကို မောင်းထုတ်ပါတော့လား" ဟူသော ပတ်ကြမ်းတိုက်သံကို ကြားနေရသည်။

ဂျပန်လေယာဉ်ပျံများသည် စင်ကာပူကို ဗုံးမိုးရွာချသည်။ ရေလှောင်ကန်များ၊ ရေပိုက်များပျက်၍ မြို့သူမြို့သားများ ရေခက်ခဲနေကြောင်း၊ အတုံးအရုံး သေဆုံးကြကြောင်းများ ကြေးနန်းသတင်းတွင် ပါလာသည်။

သည်တော့လည်း ရန်ကုန်မြို့ကို လာဗုံးကြဲလေမလားဟု တထိတ်ထိတ် တလန့်လန့် ရှိနေကြသည်။ မကြာခဏ ဂျပန်လေယာဉ်ပျံများ အုပ်စုဖွဲ့လျက် ရန်ကုန်မြို့ ကောင်းကင် မှ ပျံသန်းသွားတတ်သည်ဟု ဆိုသည်။

ဒီဇင်ဘာလ ၂၃ ရက်။

စိတ်ခေတ်ချောက်ချားနေသော ရန်ကုန်မြို့သူမြို့သားများသည် စစ်၏ ဆိုးရွားခါးသီးသော အတွေ့အကြုံကို စတင်ခံစားကြရသည်။

ထိုနေ့နံနက်ဆယ်နာရီတွင် လေကြောင်းအန္တရာယ် အချက်ပေးသံပေါ်လာသည်။ ဂျပန်လေယာဉ်ပျံအုပ်စု တစ်စုသည် ရန်ကုန်မြို့ အရှေ့ဘက်ကောင်းကင်မှ ပေါ်ထွက်လာသည်။ လူအချို့သည် ပြေးပုန်းရကောင်းမှန်းမသိသေး။ ရပ်ကြည့်နေကြသည်။

များမကြာမီ ဗုံးများကျလာသည်။ မီးတောက်မီးလျှံ များ နေရာအနှံ့အပြားမှ ပေါ်ထွက်လာသည်။ မိုးခြိမ်းသံသို့သော အသံများ ထွက်ပေါ်လာသည်။

သည်တော့မှပင် ပြေးကြ၊ ပုန်းကြ၊ အော်ကြ၊ ဟစ်ကြနှင့် ဆူဆူညံညံ၊ ရုတ်ရုတ်သဲသဲ၊ အုတ်အုတ်ကျက်ကျက် ဖြစ်လာကြသည်။ လူသူရှုပ်ထွေးသော နေရာသို့ စက်သေနတ်ဖြင့်ပစ်ရာ သေသူသေ၊ နာသူနာ ဖြစ်ကုန်သည်။ ဗုံးဒဏ်ကြောင့်လည်းကောင်း၊ စက်သေနတ်ဒဏ်ကြောင့် လည်းကောင်း၊ အလောင်းတွေ မြင်မကောင်းလောက်အောင် ဖြစ်နေသည်။ အတုံးအရုံးသေဆုံးနေသူများမှာလည်း ဒုနှင့်ဒေး။ ရန်ကုန်မြို့သည် ခဏချင်းမှာပင် လောကငရဲပမာ ဖြစ်လာသည်။ မြို့ပျက်ကြီးအဖြစ်သို့ ရုတ်ခြည်း ရောက်ရှိသွားသည်။

ဂျပန်တို့သည် နာတာလူးပွဲတော်အတွက် လက်ဆောင်ဆိုကာ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ၂၃ ရက်နေ့ကထက် ပိုမိုပြင်းထန်စွာ ဗုံးကြဲပြန်သည်။ ပထမနေ့ထက် အသေအဆုံး အပျက်အစီးများပြားသည်။

ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် နန်းရင်းဝန် ဆာပေါ်ထွန်းတို့က အစိုးရအမှုထမ်း အရာထမ်းများအား ရန်ကုန်မြို့မှပင် ကြံ့ကြံ့ခံရန် တိုက်တွန်းသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုး၊ နည်းအထွေထွေဖြင့် လူတို့ရန်ကုန်ကို စွန့်ခွာကြသည်။ ရေလမ်း၊ ကုန်းလမ်းတွင် စစ်ပြေးခရီးသည်များဖြင့် ပြည့်ကျပ်နေသည်ချည်းသာဖြစ်သည်။

အရှေ့တောင်အာရှ စစ်မီးသည် မြန်မာပြည်အား ဝါးမျိုလာလေပြီတကား။

အခြားသူတို့ မည်သို့ရှိမည် မမှန်းတတ်။

ဦးအောင်ခန့်အဖို့ကား စစ်သတင်းကြောင့် ရင်ထဲတွင် မကျေမနပ်ဖြစ်နေရသည်မှာ ကြာချေပြီ။ သတင်းများကို ကြားရသည်မှာ စိတ်ခေတ်ပျက်ပြားစရာချည်း ဖြစ်နေသည်။ သူအထင်ကြီးသော အားကိုးသော အင်္ဂလိပ်များ တဆုတ်တည်း ဆုတ်ခွာနေရသည်။ တရှုံးတည်း ရှုံးနေသည်။

ပဲခူးကို ဗုံးကြဲပြီဆိုသည်။ ပြည်ဘူတာရုံ ဗုံးထိမှန်သည်။ မြို့တိုင်း၊ နယ်တိုင်း၊ ရွာတိုင်း ဘယ်အချိန် ဗုံးလာကြဲလေမလဲဟု တထိတ်ထိတ် တလန့်လန့်ဖြစ်နေရပေပြီ။

အင်ဒိုချိုင်းနားတွင် ဂျပန်တို့၏ ရက်စက်ယုတ်မာမှုများကို ကြားရပြီ။ လူတို့စိတ်နှလုံး ချောက်ချားကြရသည်။

ထိုင်း(ယိုးဒယား)ကို ဂျပန်တို့ သိမ်းပိုက်မိပြီ။ ဂျပန်တို့တနင်္သာရီသို့ဝင်ပြီ။

ဂျပန်တပ်နှင့်အတူ မြန်မာမျိုးချစ်လူငယ် ရဲဘော်သုံးကျိပ် ပါဝင်လာသည်။

ဇန်နဝါရီလ ၁၉ ရက်။ ဂျပန်တပ်များ ထားဝယ်ကို သိမ်းပိုက်လိုက်သည်။ ဇန်နဝါရီလ ၃၀ ရက်နေ့။ ဂျပန်များ မော်လမြိုင်ကို သိမ်းပိုက်လိုက်ကြသည်။

ယင်းတပ်များတွင် မြန်မာမျိုးချစ်လူငယ် ရဲဘော်သုံးကျိပ် ဦးဆောင်လျက် ဗမာတပ်သားများလည်း လိုက်ပါလာသည်ဟု သိကြရပြန်သည်။

သို့ဖြင့် "မကြီးကို စပါးကြီး မြွေမျိုဘိ သကဲ့သို့" စစ်သည် တစ်စထက်တစ်စ တစ်ပြည်လုံးအား ပျံ့နှံ့လာပြီ ဖြစ်သည်။ ပဲခူးကို ဂျပန်တို့ သိမ်းပိုက်မိကြပြီ။

တောင်ငူမှနေ၍ ဆီးကြိုတိုက်ခိုက်ရန် တရုတ်ဒီဗီဇံတပ်များ နေရာယူထားကြပြီ ဆိုသည်။ ဂျပန်တပ်များသည် ဒီရေအသွင် တစိမ့်စိမ့်လိုမ့်ဝင်လာသည်။ မြို့များ ရွာများကို တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီးတစ်ရွာ သိမ်းပိုက်လာသည်။

စစ်၏ အသွင်လက္ခဏာဖြစ်သော အကျည်းတန်ရှုခင်းများကို သတင်းစကားအဖြစ် ကြားရသည်ကား နားမချမ်းသာဖွယ် ကောင်းလှလေသည်။ ထားဝယ်နှင့် မော်လမြိုင်တွင် သပြေပန်းနှင့် အကြိုထောက်လာသောသူများကို ဂျပန်က လှည်းဆွဲခိုင်းသည့် သတင်း၊ စွန့်ပစ်ထွက်ခွာလာရသော မြို့တိုင်း၊ ရွာတိုင်း၊ နေရာတိုင်းတွင် အင်္ဂလိပ်စစ်တပ်က မြေလှန်စနစ်ဖြင့် ဖျက်ဆီးရစ်ခဲ့သည့် သတင်းများ ကြားရသည်။

အခြေအနေသည် တစ်စထက်တစ်စ ဆိုးရွားလာသည်။

တောင်ငူ ကျပြီဆိုကတည်းက စစ်သည် မိမိတို့ကျောအနီးသို့ ရောက်လာပြီဟု ဦးအောင်ခန့် နားလည်သည်။ မန္တလေးကိုလည်း တဝုန်းဝုန်း ဗုံးကြဲနေပြီဖြစ်ကြောင်း သိရသည်။

သည်တွင် ဦးအောင်ခန့်အတွက် အဆိုးရွားဆုံးသော သတင်းတစ်ခု ကြားရသည်။ ၎င်းမှာ အင်္ဂလိပ်တို့သည် ရေနံမြေအား မြေလှန်စနစ် စသုံးတော့မည်ဆိုသော သတင်း။ သတင်းမှာ မှန်ကန်တိကျခြင်းလည်း ရှိပုံရသည်။ အင်္ဂလိပ်တို့ တလှုပ်လှုပ်တရွရွဖြစ်နေကြပြီ။ ပြေးရန်အတွက် ခြေပြင်လျက်ရှိလေပြီ။ သည်ရက်ပိုင်းအတွင်း ရံခါတွင် ရေနံချောင်းသို့ ဂျပန်လေယာဉ်များ ရောက်လာသည်။ ရေနံချောင်းသည်လည်း ဗုံးဒဏ်ကို မြည်းစမ်းနေရသည်။ **ဆက်လက်ဖော်ပြပါမည်။**

**"ဦးအောင်ခန့်အဖို့ကား စစ်သတင်းကြောင့် ရင်ထဲတွင် မကျေမနပ်ဖြစ်နေရသည်မှာ ကြာချေပြီ။ သတင်းများကို ကြားရသည်မှာ စိတ်ဓာတ်ပျက်ပြားစရာချည်း ဖြစ်နေသည်။ ဦးအောင်ခန့်အတွက် အဆိုးရွားဆုံးသော သတင်းတစ်ခုကြားရသည်။ ၎င်းမှာ အင်္ဂလိပ်တို့သည် ရေနံမြေအား မြေလှန်စနစ် စသုံးတော့မည်ဆိုသောသတင်း။ သတင်းမှာ မှန်ကန်တိကျခြင်းလည်း ရှိပုံရသည်။ အင်္ဂလိပ်တို့ တလှုပ်လှုပ်တရွရွ ဖြစ်နေကြပြီ။ ပြေးရန်အတွက် ခြေပြင်လျက်ရှိ . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# နမ္မတူမြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၇၁၀ အား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**နမ္မတူ ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီအနေဖြင့် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် ပန်ဟိုက်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူ ၇၁၀ အား ဒုတိယအကြိမ် Sinopharm အမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံရာနေရာသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းက အနီးကပ်ကြီးကြပ်လျက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများက ဆေးထိုးရန်လာရောက်သည့် တိုင်းရင်းသားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စာရင်းအချက်အလက်များကောက်ယူပေးခြင်းနှင့် လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့သည်။

နမ္မတူမြို့နယ်တွင် ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယမန်နေ့ညနေပိုင်းအထိ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၇၂၅၉ ဦး၊ ကျောင်းသား ကျောင်းသူ ၉၀၂ ဦး၊ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသည့် ဒေသခံပြည်သူ ၅၇၉၆ ဦးနှင့် ကျောင်းသားကျောင်းသူ ၂၀၀ စုစုပေါင်း ကာကွယ်ဆေးထိုးနှံပြီးသည့် တိုင်းရင်းသားပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၁၄၁၅၇ ဦးရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**လူမော်(ပြန်/ဆက်)**

# ဖန်းမော်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်သွားလာကြရန် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေ

**ဖန်းမော် ဇန်နဝါရီ ၉**

ကချင်ပြည်နယ် ဖန်းမော်မြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မြို့မရပ်ကွက်ရှိ သီရိရတနာဈေးရှေ့တွင် ဈေးရောင်း၊ ဈေးဝယ်သည့် ပြည်သူများအား ပါးစပ်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပညာပေး**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးသိန်းမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ပါးစပ်နှင့် နှာခေါင်းစည်း အခုရေ ၂၀၀၀ ကို ဈေးရောင်း၊ ဈေးဝယ်သွားလာနေသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်သွားလာကြရန်၊ ကိုဗစ်-၁၉ မျိုးဗီဇပြောင်း အိုမီခရွန် ကြိုတင်ကာကွယ်ရန်အတွက် လိုက်နာရမည့်အချက်များ၊ လက်ကိုလက်သန့်ဆေး(သို့မဟုတ်) ဆပ်ပြာဖြင့် မကြာခဏဆေးကြောရန်နှင့် လူစုလူဝေးနေရာများ သွားလာခြင်းမှရှောင်ကြရန် စသည့်အချက်များကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**





# မင်းဘူး(စကု)မြို့နယ်၌ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**မင်းဘူး ဇန်နဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိုးနှံရာတွင် အလယ်တန်း ကျောင်းသား ၉၁ ဦး၊ အလယ်တန်းကျောင်းသူ ၁၀၀၊ အထက်တန်း ကျောင်းသား ၁၇ ဦး၊ အထက်တန်းကျောင်းသူ ၃၁ ဦး စုစုပေါင်း ၂၃၉ ဦးအား ထိုးနှံပေးခဲ့ပြီး ဒုတိယအကြိမ် ဆေးထိုးရန် ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဇန်နဝါရီ ၁၂ ရက်တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးခိုင်မင်းအောင်ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် ကျောင်းသား ကျောင်းသူပေါင်း ၂၂၆၄၉ ဦးဖြစ်ပြီး ၇၃ ရာခိုင်နှုန်း တက်ရောက်၍ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း၊ ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများ ကာကွယ်ဆေးထိုးနှံမှုတွင် ယနေ့ဆေး ထိုးနှံသူ ၂၃၉ ဦး ထိုးပြီးပါက အနည်းငယ်သာ ကျန်ရှိပြီး အေးအေးချမ်းချမ်းဖြင့် ပညာသင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဦးအောင်ဇော်က ရှင်းပြသည်။

**ဇေယျာထက်(မင်းဘူး)**

# မေတ္တာမြို့ ဟိန္ဒားကျေးရွာ၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**မေတ္တာ ဇန်နဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့ ဟိန္ဒားကျေးရွာအုပ်စုအတွင်းရှိပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရန်အတွက် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး (ဒုတိယအကြိမ်) ထိုးနှံပေးခြင်းကို ထားဝယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့ နံနက် ၉ နာရီတွင် မေတ္တာမြို့ ဟိန္ဒားကျေးရွာ ရွာလည်စေတီဘုန်းတော်ကြီးကျောင်းတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးလာရောက်ထိုးနှံသူ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့များက အပူချိန်တိုင်းပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးပြီး ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို မေတ္တာမြို့ နယ်မြေခံတပ်ရင်းမှ တပ်ရင်းမှူး ဉာဏ်လင်းစိုးနှင့်တပ်ဖွဲ့ဝင်များ၊ မေတ္တာမြို့ နယ်မြေရဲစခန်း စခန်းမှူးရဲအုပ်အောင်မြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နန်းခလိုက်(မေတ္တာ)**



# မြောက်ဦးမြို့၌ အထူးဈေးရောင်းပွဲတော် ကျင်းပ



**မြောက်ဦး ဇန်နဝါရီ ၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ပေါ်၌ အထူးဈေးရောင်းပွဲတော်ကို ကုန်သည်တန်းရပ်ကွက် နန်းတော်ရာကုန်းရှေ့ ဘောလုံးကွင်း(ဟောင်း)တွင် ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ရောင်းချပေးလျက်ရှိ**

အဆိုပါ ဈေးရောင်းပွဲတော်ကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ မြို့ပေါ်ရပ်ကွက်နေ မိဘပြည်သူများအား နှာခေါင်းစည်းတပ်ပြီးမှသာ လာရောက်ရန် ကြိုတင်အသိပေးထားသည်။ ဈေးရောင်းပွဲတော်တွင် ကလေးကစားစရာများ၊ ကလေးကစားကွင်းများဖြင့် စည်ကားလျက်ရှိသကဲ့သို့ အစားအစာမျိုးစုံတို့ကိုလည်း ရောင်းချပေးလျက်ရှိသည်။

**ဝယ်ယူအားပေး**

အိမ်အသုံးအဆောင်ပစ္စည်းနှင့် မီးဖိုချောင်သုံးပစ္စည်း အမျိုးစုံတို့ကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း ရခိုင်ဒေသဖြစ်သည့်အတွက် ရခိုင်ရိုးရာ အဝတ်အထည်များကိုပါ ရောင်းချပေးလျက်ရှိသည်။ မြို့ပေါ်ရပ်ကွက်တိုင်းမှ မိဘပြည်သူများသည် အထူးဈေးရောင်းပွဲတော်သို့ သွားရောက်ကြပြီး ပစ္စည်းများကို ဝယ်ယူအားပေးလျက်ရှိကြောင်း သိရှိရသည်။

**မြင့်စိုး(ပြန်/ဆက်)**




**❖ ထိုင်းလိဂ်-၂ ကလပ်မှ**

ယခုရာသီတွင် ထိုင်းကလပ်အသင်းများ၌ မြန်မာကစားသမားအများစု ပါဝင်ကစားလျက်ရှိပြီး ထိုင်းလိဂ်-၁ ကလပ် ဘူရီရမ်အသင်းတွင် အောင်သူ၊ ထိုင်းလိဂ်-၂ ကလပ်များဖြစ်သည့် လမ်ဖွန်အသင်းတွင် မောင်မောင်လွင်၊ ထရတ်အသင်းတွင် ဇော်မင်းထွန်း၊ Rayong အသင်းတွင် ကျော်ကိုကို၊ အူဒွန်ထာနီအသင်းတွင် အောင်ကောင်းမာန်၊ Navy အသင်းတွင် ဆွမ်လမန်တို့ ပါဝင်ကစားလျက်ရှိသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - ရနောင်းယူနိုက်တက်**

**■ ရီးယဲလ်မက်ဒရစ်အသင်းမှ**

သွင်းယူပေးခဲ့တာဖြစ်ပြီး ဗလင်စီယာအသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့ ပွဲကစားချိန် ၇၆ မိနစ်မှာ ဂွန်ကာလိုဂွီဒက်စ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဗလင်စီယာအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဘင်ဇီမာဟာ လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုးစုစုပေါင်း ၃၀၁ ဂိုးအထိ ရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။

ဗလင်စီယာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နည်းပြ အန်စလော့တီရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ်မှာ အိမ်ကွင်းပွဲစဉ် ၂၇ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ လက်ရှိအချိန်မှာ ရမှတ်စုစုပေါင်း ၄၉ မှတ်ရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာက ဆီဗီလာအသင်းကို ရှစ်မှတ်ဖြတ်ကာ စပိန်လာလီဂါ အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဗလင်စီယာအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ်စုစုပေါင်း ၂၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၉ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ဇန်နဝါရီ ၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာ လီဗန်တေးအသင်းက မာယော့ကာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရီးယဲလ်ဆိုစီဒက်အသင်းက ဆယ်လ်တာဗီဂိုအသင်းကို တစ်ဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရရှိခဲ့ပြီး ဂရန်နာဒါအသင်းနဲ့ ဘာစီလိုနာအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

# သောက်သုံးရေ အခက်ကြုံသည့် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ရေဂါလန် ၈၀၀ လှူဒါန်း

**ညောင်ဦး ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စက်စက်ယိုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သောက်သုံးရေအခက်ကြုံနေရကြောင်း သိရ၍ ဇန်နဝါရီ ၉ ရက် ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် အေးမေတ္တာရေလှူတော်အဖွဲ့က သောက်သုံးရေဂါလန် ၈၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**လှူဒါန်းပေးခဲ့**

ညောင်ဦးမြို့နယ် စက်စက်ယိုကျေးရွာသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဆံရစ်ဝိုင်းထားသိုမှုဓလေ့ကို ယနေ့ထိတိုင်တန်ဖိုးထားထိန်းသိမ်းသည့် ကျေးရွာဖြစ်ပြီး ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ကြကြောင်း သိရသည်။ ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် အေးမေတ္တာရေလှူတော်အဖွဲ့က စက်စက်ယိုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများ သောက်သုံးရေ အခက်ကြုံတွေ့နေမှုအား ပွင့်လင်းရာသီကာလ သောက်သုံးရေ ဖူလုံစေရေးအတွက် သောက်သုံးရေဂါလန် ၈၀၀ အား ဘုန်းတော်ကြီးကျောင်းရှိ ရေလှောင်ကန်အတွင်း စနစ်တကျ ဖြည့်တင်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



**သွားရောက်လှူဒါန်းပေး**

အလားတူ သောက်သုံးရေလှူဒါန်းပေးခြင်းကို ယမန်နေ့ကလည်း ညောင်ဦးမြို့နယ် တဲဘုံမတဲတိုက်ရှိ အိမ်ခြေ ၃၀ ကျော်၊ လူဦးရေ ၁၅၀ အတွက် ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲမဖြစ်စေရေးအတွက် ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း၊ သုံးထောင်ဂဲတဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၈၀၀ ကို လည်းကောင်း၊ ညောင်ဦး-ကျောက်ပန်းတောင်းသွား ကားလမ်းဘေးရှိ ဂတုံးရေချမ်းစင်သို့ သွားရောက်၍ ခရီးသွားပြည်သူများ နားခိုနေထိုင်ရာ၌ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ရေဂါလန် ၈၀၀ ကို လည်းကောင်း အသီးသီး သွားရောက်လှူဒါန်းပေးခဲ့ကြောင်း အဆိုပါ အေးမေတ္တာရေလှူတော်အဖွဲ့မှ အဖွဲ့ဝင်ဖြစ်သူ ဦးဝင်းမင်းထွန်းထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

၀

# နှမ်းစပါးစိုက်တောင်သူများအား ဓာတ်မြေသြဇာပေးအပ်ပွဲ ကျင်းပ

**မြန်အောင် ဇန်နဝါရီ ၉**

မြန်အောင်မြို့နယ် အင်ပင်မြို့အမှတ် ၃ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် နှမ်းစပါးစိုက်တောင်သူများအား ဓာတ်မြေသြဇာပေးအပ်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါရုံး၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးမြင့်အောင်က စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရမည့်နည်းလမ်းများ၊ ရွက်ဖျန်းဆေးနှင့် ပေါင်းသတ်ဆေး စနစ်တကျသုံးစွဲသည့်နည်းလမ်းများနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်အသုံးပြုရေးတို့နှင့်ပတ်သက်၍ တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



ထို့နောက် နှမ်းစပါးစိုက်တောင်သူများအား မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဓာတ်မြေသြဇာများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

တီဗွီနှင့် အောက်စက်အမျိုးမျိုးတို့ကို အသုံးမပြုသည့်အခါ လျှပ်စစ်ခလုတ်ကို အပြီးပိတ်ပါ။
Remote Control ဖြင့်သာပိတ်၍ Standby Mode ဖြင့် ထားသည့်တိုင် လျှပ်စစ်မီတာ တက်နေပါမည်။





**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

➢ ရေပူသုံး ဘွိုင်လာ၊ ရေနွေးစက်တို့ကို အသုံးပြုမည့်အချိန်မှ ဖွင့်ပါ။
➢ သုံးပြီးက ခလုပ်ပိတ်ထားပါ။






**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

➢ မြက်ခင်းရေဖျန်းစနစ်၊ ရေပန်းတို့ကို လိုအပ်သည်ထက် အချိန်ပိုသုံးခြင်းကို လျှော့ပါ။
➢ ရေပိုက်နရာမှ၊ ရေစုပ်စက်/ရေတင်စက်များကို အချိန်ကြာကြာ သုံးရသည်မှ လျှပ်စစ်မီတာခကို ပိုကုန်ကျနိုင်စေပါသည်။







# DENKO ကံစမ်းမဲအစီအစဉ်(ဒုတိယအသုတ်)မှ ကံထူးသူများစာရင်း

Denko Trading Co.,Ltd သည် Denko စက်သုံးဆီ အရောင်းဆိုင်များတွင် အားပေးကြသော Customer များအား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ပြုလုပ်သော(၁၀)နှစ်ပြည့် အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲ(ဒုတိယအသုတ်)ကို ၂၉.၁၂.၂၀၂၁ (ဗုဒ္ဓဟူးနေ့)၊ ရန်ကုန်မြို့ Sky Star Hotel တွင် နေ့လယ် ၁ နာရီမှ စ၍ Denko Trading Youtube Channel နှင့် facebook page တို့တွင် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ပြီး ပွင့်လင်းမြင်သာစွာကျင်းပပြုလုပ်ခဲ့ပါသည်။



## GRAND PRIZE BMW (3) စီး

| စဉ် | ကူပွန်နံပါတ် | အမည် | ဖုန်းနံပါတ် | ဆိုင်ခွဲအမည် |
|---|---|---|---|---|
| ၁ | AQ834216 | ဦးမျိုးလှိုင်ထွန်း | 09-940 XXXX71 | ကုန်းတာလပေါင် |
| ၂ | BZ188778 | ဦးနိုင်ဝင်း | 09-894 XXXX63 | ထုံးဘို-(၁) |
| ၃ | BG911856 | ဦးမောင်မောင် | 09- 402 XXXX54 | မြင်းခြံ-(၁) |



## NISSAN SUNNY SL (100) စီး

| စဉ် | ကူပွန်နံပါတ် | အမည် | ဖုန်းနံပါတ် | ဆိုင်ခွဲအမည် |
|---|---|---|---|---|
| ၁ | BY815957 | ဦးငြိမ်းချမ်းမင်း | 09 774XXXX97 | မန္တလေး သိပ္ပံလမ်း |
| ၂ | AG463167 | ဦးစည်သူ | 09 422XXXX20 | ပုသိမ်-(၁) |
| ၃ | BM901512 | ဦးလင်းထက်ဦး | 09 884XXXX13 | လက်ပန်လှ |
| ၄ | BL938952 | ဦးစန်းထူး | 09 762XXXX75 | လှည်းကူး |
| ၅ | BG714022 | ညောင်ဦးမန်း | 09 402XXXX36 | ညောင်ဦး-(၁) |
| ၆ | BV053934 | ဦးသိန်းဆွေ | 09 797XXXX05 | ဝမ်းတွင်း |
| ၇ | CA631199 | ဦးသက်ဇော်လတ် | 09 793XXXX28 | လှည်းကူး |
| ၈ | BN074608 | ဦးကျော်ဇင်မျိုး | 09 425XXXX58 | ဘားအံ-(၂) |
| ၉ | BL249125 | ဦးညွန့်လင်းအောင် | 09 777XXXX01 | ဖယ်ာန်း |
| ၁၀ | AC659822 | ဦးကျော်မျိုးသွင် | 09 428XXXX19 | လှည်းကူး |
| ၁၁ | AL621970 | ဦးလင်းအောင်ကျော် | 09 252XXXX45 | မအူပင် |
| ၁၂ | AC222122 | ဦးမြင့်ရွှေ | 09 764XXXX75 | သန်လျင်-(၂) |
| ၁၃ | AZ832386 | ဦးမောင်မောင်ဌေး | 09 254XXXX94 | အင်းစိန် |
| ၁၄ | AI867294 | ဦးဝင်းဇော်ဦး | 09 459XXXX62 | လှိုင်သာယာ-(၃) |
| ၁၅ | BC392015 | ဦးသန့်ဇင်ဦး | 09 689XXXX65 | အင်းတော် |
| ၁၆ | AB913681 | ဦးသီဟကျော် | 09 442XXXX94 | လှည်းကူး |
| ၁၇ | AV697039 | ဦးတင်ထွန်းဦး | 09 799XXXX66 | မိတ္ထီလာ-(၂) |
| ၁၈ | BV330239 | ဦးရဲလင်းကျော် | 09 402XXXX29 | ထန်းတပင် |
| ၁၉ | BE733870 | ဦးဇော်ဝဏ္ဏ | 09 442XXXX88 | ပြွန်တန်ဆာ |
| ၂၀ | AI593212 | ဦးအောင်ခင်ဆင့် | 09 254XXXX94 | အင်းစိန် |
| ၂၀ | AO176535 | ဦးစန်းဦး | 09 448XXXX98 | နေပြည်တော်-(၁) |
| ၂၂ | AO564465 | ဦးရဲထွန်း | 09 400XXXX68 | မန္တလေး(ရှမ်းကလေးကျွန်း) |
| ၂၃ | BN728452 | ဦးရဲထွဋ်အောင် | 09 780XXXX62 | မတ္တရာ |
| ၂၄ | BW950361 | ဒေါ်ခက်ခက်ထွေး | 09 697XXXX27 | အင်းတော် |
| ၂၅ | AH999946 | ဦးကိုလတ် | 09 258XXXX59 | ဝေါ |
| ၂၆ | BT605610 | ဦးထွန်းထွန်းလင်း | 09 785XXXX46 | မုတ္တမ |
| ၂၇ | AH027466 | ဒေါ်ကျော့ကျော့စံ | 09 450XXXX62 | နေပြည်တော်-(၁) |
| ၂၈ | AN850836 | ဦးကျော်သူ | 09 534XXX 6 | မန္တလေး(ဂုဏလမ်း) |
| ၂၉ | AA153784 | ဒေါ်ပန်းအိသာ | 09 257XXXX29 | ဇန်းမော်-(၂) |
| ၃၀ | AB094797 | ဦးလင်းဦး | 09 256XXXX52 | မုံရွာ-(၁) |
| ၃၀ | AR055379 | ဦးတင်ထွဋ်ဦး | 09 799XXXX90 | အင်းစိန် |
| ၃၂ | AV655118 | ဦးရဲလင်းထက် | 09 444XXXX08 | ရွှေဘို-(၁) |
| ၃၃ | CC571413 | ဦးဇော်ပိုင် | 09 430XXXX4 | မန္တလေး(ဂုဏလမ်း) |
| ၃၄ | AW988300 | ဦးစိုးမိုးသူ | 09 797XXXX10 | ထုံးဘို-(၁) |
| ၃၅ | BL523798 | ဦးဝင်းမင်းသန့် | 09 252XXXX00 | လှိုင်သာယာ-(၁) |
| ၃၆ | AE495198 | ဦးမျိုးသူရ | 09 264XXXX22 | ရွှေပြည်သာ |
| ၃၇ | BR567030 | ဦးစိုးဝင်း | 09 255XXXX80 | သိမ်ဆိပ် |
| ၃၈ | AJ191906 | ဦးထွန်းလင်း | 09 962XXXX95 | မန္တလေး(နန်းဦးလွင်) |
| ၃၉ | AC065602 | ဦးစည်သူ | 09 667XXXX77 | လှိုင်သာယာ-(၃) |
| ၄၀ | AB726717 | ဦးစိုးရွှေ | 09 250XXXX62 | မြူး (၁၁၅မိုင်) |
| ၄၁ | BT760880 | ဦးဝင်းဇော်ထွန်း | 09 400XXXX60 | စဉ့်ကိုင် |
| ၄၂ | BF784926 | ဦးကျော်လင်းအောင် | 09 266XXXX22 | ထန်းတပင် |
| ၄၃ | BT735506 | ဦးကျော်သိန်း | 09 254XXXX17 | ရွှေဘို-(၁) |
| ၄၄ | AL616983 | ဦးကျော်သူ | 09 420XXXX51 | မြင်းခြံ-(၁) |
| ၄၅ | AT119811 | ဦးဟိန်းပြည့်ထွန်း | 09 792XXXX35 | နေပြည်တော်-(၁) |
| ၄၆ | BH991241 | ဦးဖိုးထူး | 09 899XXXX94 | မြူး (၁၁၅မိုင်) |
| ၄၇ | BU127232 | ဦးဘိုဘိုထွန်း | 09 503XXXX | မြောက်ဒဂုံ-(၂) |
| ၄၈ | BB960436 | ဦးဝေမိုး | 09 975XXXX90 | ဖယ်ာန်း |
| ၄၉ | AK909572 | ဦးဝသုန်ဟိန်း | 09 778XXXX04 | ကျိုက်ထို |
| ၅၀ | AO369580 | ဦးပိုင်ပိုင် | 09 793XXXX25 | ဘုရားကြီး |
| ၅၁ | AI282830 | ဦးစိုင်းအောင် | 09 420XXXX24 | လှည်းကူး |
| ၅၂ | CB246715 | ဒေါ်နန်းဝေမာအေး | 09 252XXXX23 | မြူး (၁၁၅မိုင်) |
| ၅၃ | AU546793 | ဦးတင်နိုင် | 09 252XXXX72 | လှိုင်သာယာ-(၁) |
| ၅၄ | CE329504 | ဦးလှဝင်း | 09 420XXXX84 | မြောက်ဥက္ကလာပ |
| ၅၅ | BG297256 | ဦးစိုးမင်းထွန်း | 09 444XXXX59 | ဟသ်ာတ |
| ၅၆ | AQ762857 | ဦးကိုကိုနိုင် | 09 403XXXX58 | တောင်ကုတ် |
| ၅၇ | AE607421 | ဦးအောင်ကျော်ဦး | 09 798XXXX77 | မန္တလေး(မွေကျွင်းကျောင်းတိုက်ရှေ့) |
| ၅၈ | BK773397 | ဦးမျိုးဝဏ္ဏဦး | 09 764XXXX42 | အင်းစိန် |
| ၅၉ | AY556257 | ဒေါ်မေစုနိုင် | 09 965XXXX78 | မန္တလေး(ဆေးအိုးဖို) |
| ၆၀ | AA670022 | ဦးအောင်နိုင် | 09 402XXXX23 | ညောင်ဦး-(၁) |
| ၆၁ | BQ897902 | ဦးမျိုးမင်း | 09 407XXXX22 | ဘုရားကြီး |
| ၆၂ | BH229023 | ဦးလှိုင်ဝင်းကျော် | 09 751XXXX77 | ပင်းတယ |
| ၆၃ | AY550822 | ဦးမောင်ကြိုင် | 09 252XXXX05 | မန္တလေး(ဆေးအိုးဖို) |
| ၆၄ | CA777195 | ဦးမင်းမင်း | 09 444XXXX21 | မန္တလေး(ရှမ်းကလေးကျွန်း) |
| ၆၅ | AS959033 | ဦးမိုးဇော် | 09 400XXXX81 | မုံရွာ-(၃) |
| ၆၆ | BH936747 | ဦးစိုးဝင်း | 09 254XXXX29 | ထုံးဘို-(၁) |
| ၆၇ | AJ136885 | ဦးဇင်မျိုးနိုင် | 09 250XXXX80 | တောင်ငူ |
| ၆၈ | AM072462 | ဦးမျိုးဇော်ထွန်း | 09 788XXXX89 | မန္တလေး(ရှမ်းကလေးကျွန်း) |
| ၆၉ | AC450634 | ဦးကိုဦး | 09 420XXXX02 | မြောက်ဥက္ကလာပ |
| ၇၀ | CD137010 | ဒေါ်စိုးသန္တာ | 09 457XXXX03 | သံတွဲ |
| ၇၁ | AN917785 | ဦးပညာဝံသ | 09 798XXXX40 | မိတ္ထီလာ-(၂) |
| ၇၂ | BS563681 | ဦးသက်ကိုဖြူ | 09 660XXXX88 | အင်းစိန် |
| ၇၃ | AB987783 | ဦးအောင်နိုင်ဦး | 09 691XXXX48 | လှိုင်သာယာ-(၁) |
| ၇၄ | AM442392 | ဦးခမ်းထူး | 09 798XXXX55 | သိမ်ဆိပ် |
| ၇၅ | BS839145 | ဦးသန်းလွင် | 09 780XXXX23 | ရွှေပြည်သာ |
| ၇၆ | BU626087 | ဦးထက်မျိုးအောင် | 09 401XXXX13 | မကွေး-(၁) |
| ၇၇ | AC433764 | ဒေါ်မီးမီးမြင့် | 09 514XXXX | မြောက်ဒဂုံ-(၃) |
| ၇၈ | AC831095 | ဦးကျော်ဝင်း | 09 255XXXX44 | မြူး (၁၁၅မိုင်) |
| ၇၉ | AO406166 | ဦးကျော်သူရ | 09 401XXXX15 | မြူး (၁၁၅မိုင်) |
| ၈၀ | AA299441 | ဦးထွန်းမြင့် | 09 402XXXX02 | မိုးကုတ် |
| ၈၁ | AL530631 | ဦးပြည့်ဖြိုးဇေယျာ | 09 692XXXX77 | မုံရွာ-(၃) |
| ၈၂ | CE807798 | ဦးမျိုးမင်းပိုင် | 09 896XXXX60 | သထုံ |
| ၈၃ | BA684470 | ဦးဟိန်းအောင် | 09 450XXXX85 | တောင်ငူ |
| ၈၄ | AS994612 | ဦးမောင်ဇော် | 09 781XXXX65 | စစ်ကိုင်း(အုန်းတော) |
| ၈၅ | AP503169 | ဦးဝင်းအောင် | 09 792XXXX11 | မုံရွာ-(၂) |
| ၈၆ | BM429023 | ဦးဝေလင်းမောင် | 09 250XXXX71 | မကွေး-(၁) |
| ၈၇ | BH605392 | ဦးညွန့်ဝင်း | 09 407XXXX88 | ဇန်းမော်-(၂) |
| ၈၈ | BZ243458 | ဦးခေမာဝိဒ | 09 409XXXX63 | တောင်ဒဂုံ |
| ၈၉ | CC372570 | ဦးကိုဖြိုး | 09 947XXXX09 | မြောက်ဒဂုံ-(၂) |
| ၉၀ | AT987429 | ဦးအောင်နိုင် | 09 269XXXX27 | ကုန်းတာလပေါင် |
| ၉၁ | AW240462 | ဒေါ်သိမ့်သိမ့်အေး | 09 256XXXX48 | ဝမ်းတွင်း |
| ၉၂ | AN566836 | ဦးမိုးကျော် | 09 262XXXX95 | လားရှိုး |
| ၉၃ | AA690866 | ဦးကိုဇော် | 09 404XXXX11 | ညောင်ဦး-(၂) |
| ၉၄ | BQ438747 | ဦးရှိုင်းကိုကိုလတ် | 09 775XXXX01 | မုတ္တမ |
| ၉၅ | AX629123 | ဦးကျော်မင်းနိုင် | 09 796XXXX54 | မန္တလေး(စွယ်တော်) |
| ၉၆ | BR786938 | ဦးအောင်မင်းနိုင် | 09 750XXXX07 | မြင်းခြံ-(၂) |
| ၉၇ | AU717538 | ဦးကျော်နိုင် | 09 671XXXX36 | လှည်းကူး |
| ၉၈ | AH576655 | ဦးစောညာဏ်သိန်း | 09 425XXXX46 | ဘားအံ-(၁) |
| ၉၉ | BW151191 | ဦးချမ်းငြိမ်းအောင် | 09 450XXXX30 | ထန်းတပင် |
| ၁၀၀ | BD382124 | ဦးဖိုးဇော် | 09 521XXX 7 | ရွှေညောင် |

## အသိပေးကြေညာခြင်း

ကံစမ်းမဲပေါက်မဲလက်မှတ် ကိုင်ဆောင်ထားသူများသည် ကံစမ်းမဲလက်မှတ်တွင်ဖော်ပြထားသော စည်းကမ်းချက်များအတိုင်း ကံထူးရှင်ရွေးချယ်သည့် နေ့မှစ၍ (၂)လအတွင်း Denko Trading Co.,Ltd ၏ ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၉ ၉၄၀၅၄၇၉၅၇၊ ၀၉ ၄၂၄၁၄၆၂၁၄၊ email address : info@denkogroups.com၊ Denko Trading facebook pageသို့ ဆက်သွယ်၍ ကံစမ်းမဲလက်မှတ် လာရောက်တင်ပြပေးရပါမည်။ သတ်မှတ်ထားသောရက်အတွင်း ကံစမ်းမဲ ပေါက်မဲလက်မှတ် တင်ပြနိုင်ခြင်း မရှိပါက ကံစမ်းမဲလက်မှတ်တွင် ထည့်သွင်းဖော်ပြထားသောစည်းကမ်းချက်များနှင့်အညီ ကံထူးရှင်အဖြစ်မှ ပယ်ဖျက်ပြီး Denko Trading Co.,Ltd ၏ အဆုံးအဖြတ်အတိုင်းသာ ပြုလုပ်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

DENKO
Denko Trading Co.,Ltd.

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin တစ်သန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin တစ်သန်း လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin တစ်သန်း လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. MARUYAMA Ichiro နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းတို့ ရှေ့မှောက်တွင် နီပွန်ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်ဒါရိုက်တာ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

## ယနေ့ဖတ်စရာ


**စားသုံးသူကျန်းမာရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းမှု** စာမျက်နှာ » ၆

**အဖိုးတန်ရေကို ချွေတာသုံးစွဲသွားစေလို** စာမျက်နှာ » ၉

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၇ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၅၅ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၂၂

**အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေ ငါးဆခန့် မြင့်တက်** စာမျက်နှာ » ၁၃

**နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး** စာမျက်နှာ » ၁၅


## ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်တွင် ဆက်လက်ဦးဆောင်




ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ် ၂၁ အဖြစ် ဇန်နဝါရီ ၈ ရက် ညပိုင်းက ဗလင်စီယာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၄၃ မိနစ်(ပင်နယ်တီ)နဲ့ ၈၈ မိနစ်မှာ တိုက်စစ်မှူး ဘင်ဇီမာက နှစ်ဂိုး၊ ပွဲကစားချိန် ၅၂ မိနစ်နဲ့ ၆၁ မိနစ်မှာ ဗီနီစီးယပ်ဂျူနီယာက နှစ်ဂိုးတို့ အသီးသီး စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ■

## ထိုင်းလိဂ်-၂ ကလပ် ရနောင်းယူနိုက်တက်အသင်း အောင်ကျော်နိုင်ကို ခေါ်ယူ

ရန်ကုန် ဇန်နဝါရီ ၉

ထိုင်းလိဂ်-၂ ကလပ် ရနောင်းယူနိုက်တက်အသင်းသည် ၂၀၂၁-၂၀၂၂ ရာသီ ဒုတိယအကျော့အတွက် မြန်မာတိုက်စစ်ကစားသမား အောင်ကျော်နိုင်ကို ခေါ်ယူနိုင်ပြီဖြစ်သည်။

**အပြောင်းအရွှေ့ကာလ**

အောင်ကျော်နိုင်သည် ယခုရာသီအစတွင် ထိုင်းလိဂ်-၃ ကလပ် Pattaya Dolphins အသင်း၌ ကစားခဲ့သော်လည်း ရာသီဝက်အပြောင်းအရွှေ့ကာလတွင် အသင်းပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ အောင်ကျော်နိုင်သည် ပြည်ပကလပ်များတွင် သွားရောက်ကစားဖူးသည့် အတွေ့အကြုံရှိသူဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ပြည်ပကလပ်အသင်းများတွင် ပြန်လည်သွားရောက်ကစားခြင်းဖြစ်သည်။ အောင်ကျော်နိုင်သည် စင်ကာပူနှင့် ထိုင်းကလပ်များတွင် ကစားပြီးနောက် ပြီးခဲ့သည့်နှစ်အနည်းငယ်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကာ ဧရာဝတီနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့တွင် ကစားခဲ့သည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖